ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းနှင့် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ- ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ရထားလမ်းပိုင်းတွင် ခရီးမိုင် ၄၁ ဒသမ ၁၆ မိုင်၊ တံတားကြီး၊ တံတားငယ် ၁၂၉ စင်းနှင့် ဘလောက်ဘူတာ ကိုးဘူတာ ပါဝင်

နေပြည်တော် အောက်တိုဘာ ၂၂

ရွှေညောင် – တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဘူတာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**အီဂျစ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် အစ္စရေး-ဟားမတ်စ် ပဋိပက္ခကို ဖြေရှင်းရန် နိုင်ငံတကာညီလာခံကျင်းပ**
စာမျက်နှာ » ၁၃

**ကျူရှင်နှင့် သင့်ကလေး၏ ကိုယ်စွမ်းကိုယ်စနိမ့်ကျမှု ကင်းဝေးရလေအောင်**
ဆောင်းပါး စာမျက်နှာ » ၁၆



**ဒေသထွက်ဝါးများနှင့် မိုးနဲမြို့နယ် နမ့်မော်လေ ကျေးရွာမှ ရှမ်းရိုးရာ ဝါးခမောက်လုပ်ငန်း**
ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# ရိုးရာယဉ်ကျေးမှုအစဉ်အလာများမြှင့်တင်

ဘာသာတရားနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာများ ပိုင်ဆိုင်ထားသောကြောင့် နိုင်ငံအေးချမ်းသာယာဝပြောလျက်ရှိသည်။ ကောင်းမြတ်သည့် ဘာသာတရား၏ အဆုံးအမညွှန်ပြမှုများနှင့် အစဉ်အလာယဉ်ကျေးမှုတို့သည် တိုင်းရင်းသားလူမျိုး အစုအဖွဲ့အသီးသီးတွင် ကိုယ်စီရှိကြသည်။ အဆိုပါအစဉ်အလာကြောင့်ပင် တစ်ဦးနှင့်တစ်ဦး လေးစားခြင်း၊ ကိုင်းညွတ်ခြင်း၊ စည်းလုံးခြင်း၊ ပျော်ရွှင်ခြင်းတို့ ပြည့်လျှံနေသဖြင့် အေးချမ်းသာယာ ချမ်းမြေ့ပျော်ရွှင်မှုများ ပြည့်စုံသည့်နိုင်ငံဟု ဆိုနိုင်သည်။

ထေရဝါဒဗုဒ္ဓဘာသာတရားကိုအကြောင်းပြု၍ စည်းလုံးချစ်ကြည်မှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ညွှန်းဆိုပြပါဆိုလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအနက်မှ ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့အစဉ်အလာပွဲတစ်ခုကို ညွှန်းဆိုရမည်ဖြစ်သည်။ သီတင်းကျွတ်လဆန်း ၁ ရက်(အောက်တိုဘာလ ၁၅ ရက်) မှ သီတင်းကျွတ်လဆုတ် ၃ ရက် (နိုဝင်ဘာလ ၁ ရက်)အထိ ရက်သတ္တပတ် နှစ်ပတ်ကြာကျင်းပသည့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်တွင် ဗုဒ္ဓဘာသာဝင် ရှမ်းတိုင်းရင်းသားများသာမက မြန်မာပြည်တစ်ဝန်းမှ တိုင်းရင်းသားပြည်သူများပါ လာရောက်၍ ကုသိုလ်ပြုကြ၊ ပျော်ရွှင်ကြ၊ လှေလာကြသည်။

အင်းလေးဖောင်တော်ဦးဘုရားပွဲတော်သည် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်ဆည်းကပ်မှုအနေဖြင့်သာမက ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကိုပါ ဖိတ်ခေါ်ဆွဲဆောင်နိုင်သည့် ခရီးသွားပွဲတော်တစ်ခုအနေဖြင့် ရှုမြင်နိုင်သည်။ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူကို အင်းသားရိုးရာဆွဲလှေ ၂၃ စင်းဖြင့် အင်းလေးဒေသ ဝဲယာ (၂၁) ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံပင့်ဆောင်ပြီး ဟဲယာရွာမစံကျောင်းတော်သို့ ကြွချီအပူဇော်ခံသည်။ အပူဇော်ခံစဉ်ကာလအတွင်း တိုင်းရင်းသားပြည်သူအပေါင်းတို့ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာဖြင့် ကုသိုလ်ကောင်းမှုများပြုနိုင်ကြသည်။

အင်းလေးဖောင်တော်ဦးဘုရားပွဲတော်သည် ဘာသာရေးသက်သက်သာ မဟုတ်ဘဲ မြတ်စွာဘုရားရှင်အား ဦးထိပ်ထားပြီး ရှမ်းတိုင်းရင်းသားအင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာဓလေ့နှင့် အားမာန်များကို ထုတ်ဖော်လှစ်ပြသော ပွဲတော်ဖြစ်သည်။ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားစံကျောင်းတော်သို့ ပင့်ဆောင်အပူဇော်ခံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ပင့်ဆောင်ပူဇော်ရာ ပြည်သူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြသည်။ ပင့်ဆောင်ပူဇော်ပွဲတွင် တိုင်းရင်းသားရိုးရာအကဖွဲ့များက ကန္နရီကန္နရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ တိုးနယားအက၊ အင်းတိုင်းရင်းသား မီးဆုခံအက၊ ခေါ့ခိုင်းအက၊ ပအိုဝ်းတိုင်းရင်းသားအက၊ ရှမ်းကြီးအက စသည့်အကများဖြင့် ဖျော်ဖြေကြသည်။

ကမ္ဘာပေါ်တွင် တစ်မူထူးခြားသည့် လှေကို လက်ဖြင့်မလှော် ခြေဖြင့်လှော်သော ယဉ်ကျေးမှုကို အင်းလေးကန်တွင်တွေ့နိုင်သည်။ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲသည် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၏ အဓိကကျသည့် အထိမ်းအမှတ်လက္ခဏာဖြစ်ပြီး အမျိုးသား (၄၆) တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသားရာကျော်လှေ အင်းသားရိုးရာလှေပြိုင်ပွဲ၊ အမျိုးသမီး (၂၆)တက် အင်းသားရိုးရာလှေပြိုင်ပွဲများ အသီးသီးလှော်ခတ်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်အင်းသားအင်းသူတို့သည် ပြိုင်ပွဲအမျိုးအစားအလိုက် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်များဖြင့် အားကြိုးမာန်တက်ယှဉ်ပြိုင်ကြရာ နိုင်ငံတော်အကြီးအကဲနှင့် ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်များက တစ်ခဲနက်အားပေးခဲ့ကြသည်။

အင်းလေးဖောင်တော်ဦးဘုရားပွဲတော်သည် ပြည်တွင်းသာမက ပြည်ပကပါ စိတ်ဝင်စားမှုမြင့်မားသည့် ထူးခြားလေးနက်သည့်ပွဲတော်ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် ဘာသာတရားနှင့် သမိုင်းယဉ်ကျေးမှုဖြစ်စဉ်တော်များကို နှစ်ပေါင်းရာချီ၍ မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့သော ဘာသာတရားကိုအခြေခံသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်သည်။ ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြပြီး ကောင်းခြင်းမင်္ဂလာတို့ ဆောင်ကြဉ်းနိုင်ကြသည်သာမက ပျော်ရွှင်ချမ်းမြေ့မှု၊ တက်ကြွလန်းဆန်းမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါင်းစုပေးစွမ်းနိုင်သော တိုင်းရင်းသားရိုးရာအစဉ်အလာပွဲတော်ကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီရောက်သည်နှင့် ပွဲတော်မင်္ဂလာအခမ်းအနားမျိုးစုံ ပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ကျင်းပနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး လူမှုစီးပွားမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

ကောင်းမြတ်သည့်အစဉ်အလာများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ ပေါများသည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများ စိတ်နှလုံးချမ်းမြေ့ပြီး သာယာပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံစေရန်အတွက် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကဲ့သို့ စည်းလုံးညီညွတ်မှုနှင့်ပျော်ရွှင်မှုကို ဆောင်ကြဉ်းပေးသည့် ပွဲတော်များ အစဉ်အလာမပျက် ကျင်းပနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

လဟယ် အောက်တိုဘာ ၂၂

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



### ဆက်ကပ်လှူဒါန်း

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်သို့ နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းနှင့် တာဝန်ရှိသူများ သွားရောက်၍ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ အသက်မွေးဝမ်းကျောင်းပညာများဖြင့် မိသားစုဝင်ငွေရရှိစေရေး သင်တန်းပို့ချ

သာယာဝတီ အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း



ကော်မတီနှင့် ဟသ်ာရွှေမြေ တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယမန်နေ့က အင်းကောက်ကြီးကျေးရွာ၌ ကျင်းပသည်။

ထို့နောက် သဘာဝမြေဩဇာပြုလုပ်နည်း၊ EM ဘိုကာချီပြုလုပ်နည်း၊ ငါးအမိုင်နှိပ်ပြုလုပ်နည်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းစီမံခန့်ခွဲမှုသင်တန်း၊ ကောက်ရိုးမှိုနှင့် ဗေဒါမှိုစိုက်ပျိုးနည်းသင်တန်းတို့ကို တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့် တာဝန်ရှိသူများက လက်တွေ့သရုပ်ပြသပို့ချပေးခြင်း၊ ဒေသအခြေအနေများကိုဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေညောင် – တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရွှေညောင်–တောင်ကြီး–နောင်ကား လမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြု ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရှင်းလင်းတင်ပြစဉ်။

❖ **ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သမိုင်း၏ အထင်ကရ ဇာတ်ကောင်တစ်ဦးဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transport)နှင့် ပတ်သက်လာပါက ပထမဦးဆုံးနှင့် ရှေးအကျဆုံး Transport Mode တစ်ခုဖြစ်**

❖ **ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၄၆ နှစ်ကျော် သက်တမ်းရှိခဲ့ပြီ ဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်**

**❂ ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် အခမ်းအနား ကျင်းပပြုလုပ်မည့် တောင်ကြီးဘူတာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေညောင်– တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကား ပြောကြားရာတွင် ယနေ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ရှမ်းပြည်နယ်အတွင်း အရှည် ၂၁ ဒသမ ၇၂ မိုင်ရှိသည့် ရွှေညောင် – တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ပြီးစီးမှုနှင့်အတူ အရှည် ၁၀ ဒသမ ၇၈ မိုင်ရှိသည့် နောင်ကား လမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းသစ် ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနား ဖြစ်သဖြင့် ရှမ်းပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက်ရော တစ်နိုင်ငံလုံးမှ မြန်မာပြည်သူများ အားလုံးအတွက်ပါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ထူးထူးခြားခြား ဂုဏ်ပြု မှတ်တမ်းတင်ရမယ့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာနေ့မြတ် အခါသမယတွင် ယခုဖွင့်ပွဲကို တက်ရောက်လာကြသူများ၊ ဒေသခံ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် မြန်မာ့မီးရထား၏ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

### အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်

ရထားပို့ဆောင်ရေး လုပ်ငန်းသည် မြန်မာ့သမိုင်း၏ အထင်ကရ ဇာတ်ကောင်တစ်ဦးဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transport)နှင့် ပတ်သက်လာပါက ပထမဦးဆုံးနှင့် ရှေးအကျဆုံး Transport Mode တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၄၆ နှစ်ကျော် သက်တမ်းရှိခဲ့ပြီ ဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ ဒီထက်ပိုပြီး ပြောရမည်ဆိုပါက အခြေခံလူတန်းစား ပြည်သူအများစုကြီး အားကိုးအားထား အသုံးပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ခေတ်စနစ်ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားခဲ့ပြီး ခေါက်ရာငှက် ပျံသကဲ့သို့ နိမ့်တစ်ခါ မြင့်တစ်လှည့် အောင်မြင်မှု၊ ဆုံးရှုံးမှုများစွာကို ဖြတ်သန်းခဲ့ရသည့်အတွက် ယနေ့အချိန်တွင် အတွေ့အကြုံရင့်ကျက်သည့် ဌာနကြီးတစ်ခုအဖြစ် ရှုမြင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စရိတ်စက သက်သက်သာသာဖြင့် ခရီးသည်အများအပြားကို သက်သောင့်သက်သာဖြင့် လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ်ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ခြင်းသည် မြန်မာ့မီးရထား၏ ထင်ရှားသည့် အားသာချက် ဖြစ်ပါကြောင်း။

ရထားလုပ်ငန်းသည် နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ရထားသည် ကားနှင့် နှိုင်းယှဉ်ပါက တူညီသောကုန်စည် ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီ လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာ ကုန်ကျသည့်အတွက် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ပါး သက်သာစေသကဲ့သို့ ခရီးသည်နှင့် ကုန်စည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်သည့်အတွက် ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်နေသည့် မြို့ကြီးများ၌ မဖြစ်မနေ အားထားအသုံးပြုနေရသည့် အားသာချက်ကြောင့် ရထားလုပ်ငန်း ဆက်လက်ရှင်သန်နိုင်ရေးအတွက် နိုင်ငံအစိုးရအသီးသီးက နည်းအမျိုးမျိုးဖြင့် ပံ့ပိုးထောက်ကူပေးထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူပြီးသည့်နောက်တွင် ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်အစိုးရလက်ထက် မပြီးပြတ်ခဲ့သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအတွက် လိုအပ်မည့် စီမံကိန်း အသစ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိကိုယ်တိုင် တာဝန်ရှိသူများနှင့် မကြာခဏတွေ့ဆုံပြီး ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှာကြားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရထားလမ်းများကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာပြီး ရေရှည်အတွက် မျှော်မှန်းစဉ်းစား ဆောင်ရွက်ရန်၊ ပြည်တွင်း အင်ဂျင်နီယာ ပညာရှင်များကို အဓိက အားထားအသုံးပြုပြီး နည်းပညာများ တိုးတက်လာအောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့် တွဲများတည်ဆောက်ရေးအတွက်

**စာမျက်နှာ ၄ သို့ »»**

»»» စာမျက်နှာ ၃ မှ
လိုအပ်သည့်ပစ္စည်းများ ပြည်ပမှ ဝယ်ယူမှုကို တဖြည်းဖြည်း လျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်နိုင်ရန် သုတေသနပြု၊ နည်းပညာများလေ့လာပြီး ကြိုးပမ်း ဆောင်ရွက်သွားရန် စသည်များကို မှာကြားထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရနိုင်သမျှ ဘဏ္ဍာငွေများကို အသုံးပြုပြီး ရထားလမ်းပိုင်း အလိုက် အဆင့်မြှင့်တင်မွမ်းမံခြင်း၊ ရထားတွဲများ ပြုပြင်ထိန်းသိမ်းခြင်း၊ တွဲသစ်များ တည်ဆောက်တပ်ဆင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ယနေ့ ဒီရထားလမ်းပိုင်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ယခုအခါ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်း အတွင်းရှိ နောင်ကားလမ်းခွဲ ဘူတာမှ တစ်ဆင့် ဟိုပုံးမြို့အနီး ပင်းပက်အထိ အရှည် ၁၀ ဒသမ ၇၈ မိုင်ကို အောင်မြင်စွာ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါ ရထားလမ်းပိုင်းအသစ် ဖောက်လုပ်ခြင်းနှင့်အတူ လမ်းပိုင်းအတွင်း အဓိကကျသည့် ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကျိုးရှိစွာအသုံးမပြုနိုင်ပါကြောင်း၊ ထို့ကြောင့် ရထားလမ်းကွေ့နှင့် ဆင်ခြေလျှောများ ပြေပြစ်ပြီး ပိုမိုကြံ့ခိုင်မှုရှိစေရန်၊ ခရီးသည်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာ ဝန်ချိန်ပြည့် သယ်ယူပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ပြီးစီးခဲ့ခြင်း ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့်ရထားပေါ်တွင် စီးနင်းလိုက်ပါသွားကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား လက်ငွေ့ယမ်းပြနှုတ်ဆက်စဉ်။

**ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်ဖြစ်**

အဆိုပါ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအသစ်တည်ဆောက်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပြီးချိန်၌ ပင်းပက်သံမဏိစက်ရုံမှ သံရိုင်းကုန်ကြမ်းများကို လိုရာအရောက် သက်သာလွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဒေသတွင်းမှ ကုန်စည်များကို ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်ခြင်း၊ စက်မှုကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်ရာ ဒေသအရောက် လွယ်ကူစွာပို့ဆောင်ပေးနိုင်သည့်အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်ခြင်း၊


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသခံတိုင်းရင်းသားရိုးရာအကအလှအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းကို အသုံးပြုခြင်းအားဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဒီနေ့ဖွင့်လှစ်သည့် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ - ပင်းပက် လမ်းပိုင်းတွင် တောင်ကြီးဘူတာကို အခြေပြုပြီး တောင်ကြီး-ရွှေညောင်ရထား၊ တောင်ကြီး-ပင်းပက်-ဆိုက်ခေါင် ရထားများကို ခရီးသည်နှင့်ကုန်စည် ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ခရီးသည်နှင့် ကုန်စည်များကို စျေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်၊ တစ်ချိန်တည်း၌ လူ၊ ပစ္စည်း၊ ငွေကြေး စသည့် ရှိရင်းစွဲအရင်းအမြစ်များကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် စျေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ယှဉ်ပြိုင်နေရသည့် ယနေ့အချိန်အခါမျိုး၌ စီးပွားရေး ဆန်ဆန်ယှဉ်ပြိုင်နိုင်ပြီး ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်လာစေရေးကိုလည်း မြန်မာ့မီးရထားဝန်ထမ်းတိုင်းက မျှော်မှန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး၊ မတော်တဆမှုများ လျှော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ စာမျက်နှာ ၅ သို့ »»»


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

- **ရထားပို့ဆောင်ရေးလုပ်ငန်းကို အသုံးပြုခြင်းအားဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်**
- **ရွှေညောင် - တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် လမ်းပိုင်းတွင် တောင်ကြီးဘူတာကို အခြေပြုပြီး တောင်ကြီး-ရွှေညောင်ရထား၊ တောင်ကြီး-ပင်းပက်-ဆိုက်ခေါင်ရထားများကို ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ်မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်**

»»» စာမျက်နှာ ၄ မှ

ပိုမိုတောင့်တင်းခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေလျှော့နည်းရေး၊ စက်ခေါင်းနှင့်တွဲ ချွတ်ယွင်းမှုများ လျှော့နည်းကျဆင်းရေး၊ ရထားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး စသည့်ရည်မှန်းချက်များကို မြန်မာ့မီးရထားဝန်ထမ်းအဆင့်အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေးပမာ ခံယူကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်ပြီး ကုန်သွယ်စီးပွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် အချက်အချာဒေသဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားပေါင်းစုံလူဦးရေလေးသိန်းကျော် မှီတင်းနေထိုင်သည့် မြို့တော်ကြီးလည်း ဖြစ်ပါကြောင်း၊ တောင်ကြီးဒေသကို ဗဟိုပြုပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်ပေးခဲ့ကြသည့် မြန်မာ့မီးရထားမှဝန်ထမ်းများ အားလုံးကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရှင်သန်ရပ်တည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများ အားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက်ရထားလမ်းပိုင်းကိုကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအိုးစည်များ တီးခတ်၍ ရှမ်းရိုးရာအကအလှများဖြင့် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများက ဘင်ခရာတီးဝိုင်း၊ ပန်းဖွားအကအလှများဖြင့်လည်းကောင်း ဂုဏ်ပြုတီးမှုတ်ကပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းနှင့် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဒေသခံ တိုင်းရင်းသားရိုးရာအကအလှ အဖွဲ့များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားတွဲဆိုင်း စတင်ထွက်ခွာမှုအား ကြည့်ရှုအားပေးပြီး ရထားပေါ်တွင် စီးနင်းလိုက်ပါသွားကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား လက်ဝှေ့ယမ်းပြနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားတွဲဆိုင်းပေါ်တွင် အတူတကွ လိုက်ပါစီးနင်းခဲ့ကြပြီး တောင်ကြီးမြို့အား ရထားပေါ်မှ မြင်တွေ့ရသည့် အလှအပများ၊ တောင်ကြားလမ်းများ၊ ရထားလမ်းကြောင်းတစ်လျှောက် မြင်တွေ့ရသည့် သဘာဝရှုခင်းအလှအပများ၊ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများ၊ ထီသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်ထားသည့် ရထားလမ်းအဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာရထားလမ်းနှင့်တံတားပုံစံအတိုင်း ထည့်သွင်းတည်ဆောက်ထားရှိမှုများ၊ ရထားလမ်းပိုင်းနေရာအချို့အား ကျောက်သားမြေနံရံများ၊ ကျောက်တောင်များကို ဖြတ်တောက်တူးဖော်၍ ကျောက်တောင်ကြားလမ်းပိုင်းရှည်နေရာများ ခက်ခက်ခဲခဲ ကြိုးပမ်းဖောက်လုပ်ထားရှိမှုများကိုကြည့်ရှုခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်မှ ဒေသခံပြည်သူများ၏ ရင်းရင်းနှီးနှီး နှုတ်ဆက်မှုကို လက်ဝှေ့ယမ်းပြ ပြန်လည်နှုတ်ဆက်သည်။

ထိုသို့ စီးနင်းလိုက်ပါစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဒေသခံတိုင်းရင်းသားများက အိုးစည်ဗုံမောင်းများ တီးမှုတ်၍ ဂါရဝပြု ပြန်လည်နှုတ်ဆက်ကြသည်။ ထို့ပြင် မြန်မာ့မီးရထားမှ ဝန်ထမ်းများကလည်း ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ရထားတွဲသည် ပေါ်မူဘူတာသို့ ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရထားလမ်းပိုင်း ပြေးဆွဲပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

မြန်မာ့မီးရထား အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိသည့် ရထားလမ်း ကွန်ရက်တစ်လျှောက် ပြည်သူများခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်များအား နေရာဒေသအနှံ့ ပို့ဆောင်နိုင်ရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဝါဒနှင့်အညီ စီစဉ်ပြေးဆွဲပို့ဆောင်လျက်ရှိကြောင်း၊ ယနေ့တွင် ဖွင့်လှစ်ခဲ့သည့် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက်ရထားလမ်းပိုင်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တောင်ကြီး-ဆိုက်ခေါင်ရထားလမ်းပိုင်းအတွင်းရှိ နောင်ကားလမ်းခွဲဘူတာမှ တစ်ဆင့် ပင်းပက်သို့ အရှည် ၁၀ ဒသမ ၇၈ မိုင်ကို တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းပိုင်းအတွင်း အဓိကကျသည့် ရွှေညောင်-တောင်ကြီး အကြား ရထားလမ်းပိုင်းကို ရထားလမ်းကွေ့နှင့် ဆင်ခြေလျှောပြေပြစ်ပြီး ပိုမိုကြံ့ခိုင်မှုရှိစေရေးနှင့် ခရီးသည်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာ ဝန်ချိန်ပြည့်သယ်ယူပို့ဆောင်နိုင်ရန် ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းတွင် ခရီးမိုင် ၄၁ ဒသမ ၁၆ မိုင် တံတားကြီး၊ တံတားငယ် ၁၂၉ စင်းနှင့် ဘလောက်ဘူတာကိုးဘူတာ ပါဝင်ကြောင်း၊ ယခုကဲ့သို့ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် မီးရထားလမ်းကြောင်းမှ ဒေသထွက်ကုန်စည်များကို ကျန်ကျစရိတ်သက်သာစွာ၊ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ပေးနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သော ရထားပို့ဆောင်ရေးကို အသုံးပြုခြင်းဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ဒေသတွင်း လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားတွဲဆိုင်းပေါ်တွင် လိုက်ပါစီးနင်းကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရထားတွဲဆိုင်းပေါ်တွင် စီးနင်းလိုက်ပါလာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။



ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းတစ်နေရာကို တွေ့မြင်ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ကမ္ဘာ့ဗုဒ္ဓသာသနာပြု (အောက်စဖို့ဒ်) ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြည်ညိုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု (အောက်စဖို့ဒ်) ဆရာတော်အား ဖူးမြော်ကြည်ညို၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပန်းတင်ကျေးရွာအုပ်စု ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (Shan State Buddhist University)သို့ သွားရောက်၍ ကမ္ဘာ့ဗုဒ္ဓသာသနာပြု(အောက်စဖို့ဒ်) ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ကို ဦးဆောင် တည်ထောင်သူ (အောက်စဖို့ဒ်) တက္ကသိုလ်၏ Fellow နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက (အောက်စဖို့ဒ်) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်အတွင်း မဟော်ဂနီပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကမ္ဘာ့ဗုဒ္ဓသာသနာပြု(အောက်စဖို့ဒ်) ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က (အောက်စဖို့ဒ်) ဆရာတော်ထံ ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသည့် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ၊ မာရဝိဇယရုပ်ပွားတော်မြတ်ပုံစံတူ ရုပ်ပွားတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဆရာတော်ကြီးကိုယ်တိုင် ရေးသားပြုစု ထားတော်မူသည့် ဓမ္မစာအုပ်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ (အောက်စဖို့ဒ်) ဆရာတော်က ဓမ္မလက်ဆောင် စာအုပ်များ ပြန်လည်ချီးမြှင့်သည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့က (အောက်စဖို့ဒ်) ဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညိုကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗုဒ္ဓတက္ကသိုလ်အတွင်း မဟော်ဂနီပင်ကို အမှတ်တရ စိုက်ပျိုးပေးရာ သံဃာတော်များက မေတ္တာပို့ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။

အဆိုပါ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (Shan State Buddhist University)ကို ဦးဆောင်တည်ထောင်သူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိကို ၁၉၆၄ ခုနှစ်တွင် ရှမ်းပြည်နယ် လဲချားမြို့ နောင်ပန်ကျေးရွာတွင် မွေးဖွားခဲ့ပြီး သက်တော် ခြောက်နှစ်၌ လဲချားမြို့ သီရိမင်္ဂလာအုဋ္ဌ်ကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ သက်တော် ၁၉ နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ နိုင်ငံတကာ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များတွင် ထူးချွန်ဆုများ အသီးသီးရရှိခဲ့ကာ ၂၀၀၄ ခုနှစ်တွင် Oriental Institute, University of Oxford မှ ပါရဂူဘွဲ့ကို ရရှိခဲ့ကြောင်း၊ ထို့နောက် ကမ္ဘာ့နိုင်ငံအသီးသီးသို့ အလျဉ်းသင့်သလို ကြွရောက်၍ နိုင်ငံတကာ တက္ကသိုလ်များ၊ ကောလိပ်များတွင် သာသနာပြုတာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (Shan State Buddhist University) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာပညာရေးကဏ္ဍကို ကမ္ဘာ့တက္ကသိုလ်ကြီးများကဲ့သို့ ဗုဒ္ဓဘာသာအတွေးအခေါ်များ၊ တရားဓမ္မများကို နိုင်ငံတကာအဆင့်မီ သုတေသနပြုလေ့လာသင်ကြားပို့ချနိုင်သည့် တက္ကသိုလ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်းတော်မူလျက်ရှိကြောင်းနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ စာပေများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ရေးသားပြုစုထုတ်ဝေခြင်း၊ ဘာသာပြန်ဆိုခြင်းကိုလည်း လုပ်ဆောင်ကာ ဘာသာသာသနာတော်အကျိုးကို ကြိုးပမ်းအားထုတ် ဖော်ဆောင်တော်မူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နေမှုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်း စင်တာ တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးခန်းမ၌ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နေမှု၊ စီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း၊ မဲခေါင်း-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

❖ **ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာကို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အချင်းချင်းဖလှယ်နိုင်ရန်၊ တိုင်းရင်းသားများ၏ ဒေသအတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေရန်နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာသို့ ဝင်ထွက်သည့်လမ်းများ စနစ်တကျရှိစေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပမှုရှိစေရေး၊ သင်တန်းများ ဖွင့်လှစ်ချိန်တွင် သင်တန်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်မှုများနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်း စင်တာ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆောက်အအုံအား စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျတည်ဆောက်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာကို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အချင်းချင်း ဖလှယ်နိုင်ရန်၊ တိုင်းရင်းသားများ၏ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေရန်နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်၌ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ



**မအူပင် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းမင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်လျက်ရှိပြီး ရက်သတ္တပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့်အစည်းအဝေး တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်ကကြီးမှူး၍ အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် "အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ၏ ဆယ်နှစ်တာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး (Council of ASEAN Chief Justices (CACJ) Retreat)" သို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် အာဆီယံ တရားသူကြီးချုပ်များကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ နှင့်အတူ အောက်တိုဘာ ၁၉ ရက်တွင် ပူထရာဂျာယားမြို့ရှိ မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်သို့ သွားရောက်ကာ မလေးရှားနိုင်ငံ တရားရုံးများ၌ ဉာဏ်ရည်တု နည်းပညာအသုံးပြု ဆောင်ရွက်ခြင်းကို လေ့လာပြီး အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ၏ ဆယ်နှစ်တာ အထိမ်းအမှတ် တံဆိပ်ခေါင်းပြပွဲ အပါအဝင် မလေးရှား တရားရုံးချုပ်က ဆောင်ရွက်သည့် အာဆီယံ တရားသူကြီးချုပ်များကောင်စီက ချမှတ်ခဲ့သည့် စံပြမူများ(Model Rules) မိတ်ဆက်ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

ဆက်လက်၍ အောက်တိုဘာ ၂၀ ရက်တွင် "အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး" ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု တရားသူကြီးချုပ် နှင့်အတူ အာဆီယံတရားသူကြီး ချုပ်များကောင်စီ (CACJ) အဖွဲ့ဝင် များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကောင်စီ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ ဆယ်နှစ်တာ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်အတွက် ဆွေးနွေးကြသည့် အကြောင်းအရာများအပေါ် ပြည်ထောင်စုတရားသူကြီးချုပ်က အာဆီယံတရားသူကြီးချုပ်များနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယတိုင်းရင်းဆေးဖက်ဝင်အပင်စာအုပ်များ၊ ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းတို့နှင့်ပတ်သက်သော စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် စာကြည့်တိုက်သို့ အိန္ဒိယ တိုင်းရင်းဆေးဖက်ဝင်ပင်စာအုပ် ၆၅ အုပ် အပါအဝင် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းတို့နှင့် ပတ်သက်သော စာအုပ်ပေါင်း ၂၀၀ ခန့်အား လှူဒါန်းခဲ့ရာ လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နှင့် တာဝန်ရှိသူများ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Vinay Kumar၊ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံသံရုံး သံအမတ်ကြီး Mr. Vinay Kumar က စာအုပ်များလှူဒါန်းသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြား၍ အိန္ဒိယ နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား တိုင်းရင်းဆေးကဏ္ဍ အပါအဝင် ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို ဆွေးနွေးပြောကြားပြီး ယခု လှူဒါန်းမှုသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံ အကြား အာယုဗေဒနှင့် တိုင်းရင်းဆေးဝါးဆိုင်ရာ ပူးပေါင်းမှုအပြင် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ပိုမိုသိနားလည်မှုကို တိုးမြှင့် ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ကျန်းမာရေးကဏ္ဍ တွင် ကာလရှည်ကြာ ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ၊ Oxygen plantနှင့် ဆေးပစ္စည်းများကို လှူဒါန်းခဲ့ သည့်အပြင် မိုခါဆိုင်ကလုန်း သဘာဝဘေးအန္တရာယ် ကာလတွင်လည်း အရေးပေါ်အစားအသောက်၊ ဆေး နှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့သဖြင့် ကျေးဇူးတင်ရှိ ပါကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းဆေးဝါးဆိုင်ရာ စာအုပ်များလှူဒါန်းမှုသည် မြန်မာနိုင်ငံ၏ တိုင်းရင်း ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အထောက် အကူပြုစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍတွင် ဒေသတွင်းနိုင်ငံများ နှင့် ပူးပေါင်းဆောင်ရွက်၍ တိုင်းရင်းဆေးပညာ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းပစ္စည်းများကို အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား လွှဲပြောင်း ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကာ အမှတ်တရ ဓာတ်ပုံများရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်း ခဲ့သည်။

ဆက်လက်၍မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုပြီး အိန္ဒိယ နိုင်ငံနှင့်ပူးပေါင်း၍ တိုင်းရင်းဆေးတက္ကသိုလ်၏ E-library ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် တိုင်းရင်းဆေးတက္ကသိုလ်ပြခန်းတို့ကို လှည့်လည် ကြည့်ရှု၍ နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး သို့ ရောက်ရှိပြီး ဖျားနာဆောင်၊ မွေးကင်းစကလေး ကုသဆောင်၊ မွေးကင်းစကလေး အထူးကြပ်မတ် ကုသဌာနနှင့် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းများသို့ လှည့်လည် ကြည့်ရှု၍ ဆေးကုသမှုဆောင်ရွက်ပေးနေသည့် အခြေအနေများကို ကြည့်ရှုကာ လူနာများ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တင်ပြချက်များ ကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ကင်ဆာဓာတ်ရောင်ခြည်စက်သစ် (Linear Accelerator, Elekta)ဖြင့် ကုသမှုပေးနေခြင်းကို ကြည့်ရှုခဲ့ပြီး လူနာများကို အာဟာရစားစရာများ ထောက်ပံ့ပေးသည်။ ထို့နောက် ဓာတ်ရောင်ခြည် ဌာနရှိ တာဝန်ခံအထူးကုဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ထောက်ပံ့ချီးမြှင့်ငွေများ ချီးမြှင့်သည်။

အဆိုပါ ဓာတ်ရောင်ခြည်စက်အသစ်ကြီးကို အောက်တိုဘာလဆန်း၌ တပ်ဆင်ပြီးစီးခဲ့ကာ အောက်တိုဘာ ၆ ရက်မှစတင်၍ လူနာများ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူနိုင်ရေး စောင့်ဆိုင်း နေရသည့်ကာလ လျော့နည်းစေရန် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျွမ်းကျင် ဝန်ထမ်းများက ရုံးဖွင့်ရက်များအပြင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ပါ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုများ တိုးချဲ့ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဒေးဆည်ရေသောက် တစ်နှစ်သုံးသီး ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ မဒေးဆည် ရေသောက် တစ်နှစ်သုံးသီး ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံကွက်ရိတ်သိမ်း ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျောက်မဲကျေးရွာ ကွင်းအမှတ် ၁၆၀-က၊ ဦးပိုင်အမှတ် ၁၂၃/၁ တွင် ကျင်းပခဲ့သည်။

စံပြကွက်ရိတ်သိမ်းပွဲတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမြင့်စိုးက ဆာဖိုးသာစိုက်ပျိုးသည့် တောင်သူများ၏ ခေါင်နှံ ရွေးချယ်စုဆောင်းထားရှိမှုအပေါ် မျိုးပွားနိုင်ရေးအတွက် နွေစပါး စိုက်ချိန်တွင် ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြ ခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ကောင်း၊ သင့်၊ ညံ့ အဖြစ်သတ်မှတ် ထားသော စံကွက်အားရိတ်သိမ်းရာ စပါးအစို ၁၂၉ တင်း၊ အခြောက် ၁၁၆ ဒသမ ၃၃တင်း ထွက်ရှိကြောင်း တိုင်းတာရရှိသည်။

ကံမမြို့နယ် ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံပြကွက်ဧရိယာတွင် ယနေ့အထိ ဆာဖိုးသာ ၉၁ ဧကရိတ်သိမ်းခဲ့ပြီး ၉၁ ဧကအပေါ်တွင် အထွက်နှုန်း စပါးအခြောက် ၁၂၀ ဒသမ ၁၅တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာ့ကော်ဖီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၊ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာ့ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အေဂျင်စီအဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်တောင်သူများတက်ရောက်သည်။

**ကမ္ဘာ့အဆင့်မီ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီစိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာ၊ သွင်းအားစု၊ လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအနှီးများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရယူနိုင်ရန် အတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း၊ ယနေ့ခေတ် မျက်မှောက်ကာလတွင် ကော်ဖီထုတ်ကုန်သည် ကမ္ဘာ့ကုန်စည်ဈေးကွက်၌ ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့်သီးနှံ ကုန်စည်တစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်း အများအပြားကို ဖော်ဆောင်ပေးသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သော အလားအလာ ကောင်းမွန်သေချာသည့် စိုက်ပျိုးရေးအခြေခံ ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးမှုကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၊ ချင်းပြည်နယ် တီးတိန်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံဒေသများတွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ပြင်ဦးလွင်ဒေသနှင့် ရွာငံဒေသတို့မှ ထွက်ရှိသည့် မြန်မာ့အာရေးဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီသည့် Special Coffee အဆင့်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် ရရှိခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် ထိုင်ဝမ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ The Speciality Coffee Association of Japan အသင်းအဖွဲ့မှ ကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် World Speciality Coffee Conference & Exhibition တွင် မြန်မာနိုင်ငံကော်ဖီအသင်းမှ ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီများကို ပါဝင်ပြသလျက်ရှိကြောင်း၊ မြန်မာ့ကော်ဖီများကို ကမ္ဘာ့နိုင်ငံများက အထူးစိတ်ဝင်စားကြသည့်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသည် အရည်အသွေးနှင့် အဆင့်အတန်းမီသည့် ကော်ဖီမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကော်ဖီကုန်ကြမ်းအဖြစ် တင်ပို့ခြင်းသာမက အမြတ်အစွန်းကွာဟချက်ကြီးမားသည့် တန်ဖိုးမြှင့်ကော်ဖီကုန်ချောများကို Made in Myanmar Brand များကို ထုတ်လုပ်တင်ပို့နိုင်ခြင်းအားဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ယခုထက် ပိုမိုထိုးဖောက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကော်ဖီသီးနှံ ပိုမိုတိုးချဲ့စိုက်ပျိုးလာရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံကော်ဖီအသင်း၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲများ၊ နည်းပညာအသိပညာဖလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့် ကော်ဖီကို ဒေသတစ်ခုထုတ်ကုန်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်အစီအစဉ်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပြင်ဦးလွင်ဒေသတွင် ဧကပေါင်း ၈၅၀ ဒသမ ၅၀ အတွက် ကော်ဖီစိုက်ပျိုးတောင်သူ ၁၈ ဦးကို ငွေကျပ်၂၅၅ ဒသမ ၁၅ သန်း ထုတ်ချေးပေးပြီး ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအသက်သွေးကြောဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်ဖီစိုက်တောင်သူ၊ မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင်များအသင်း၊ ကော်ဖီလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ May Myo Fresh Coffee ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် Blue Mountain၊ May Myo Fresh Coffee၊ MCG ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၇)အထည်စက်ရုံ (မြစ်သား)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ၂/၈၀ ချည်များ စမ်းသပ်ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စမ်းသပ်ထုတ်လုပ်နေသည့် ၂/၈၀ ချည်များ၏ အရည်အသွေးကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ရရှိအောင် ဆောင်ရွက်ရန်၊ ချည်များ၏ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် စစ်ဆေးရမည့်နေရာများသတ်မှတ်၍ စစ်ဆေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စက်ရုံအတွင်း ၂/၈၀ ချည်များစမ်းသပ်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စမ်းသပ်ထုတ်လုပ်ထားရှိသည့် ၂/၈၀ ချည်များ အရည်အသွေး စမ်းသပ်စစ်ဆေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည်အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဈေးကွက်ကိုအခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်၊ အထည်များရက်လုပ်ရာတွင် ဝယ်ယူသူများကို ဆွဲဆောင်နိုင်သည့် အရောင်၊ အဆင်ဒီဇိုင်းများဖြစ်အောင် ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုပုံစံများကိုလည်း စနစ်တကျ ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြားပြီး ၂/၈၀ ချည်များဖြင့် အထည်များရက်လုပ်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ စီးပွားရေးလုပ်ငန်းရှင်များနှင့် UMFCCI တွင် တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေး လုပ်ငန်းရှင်များနှင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ နိုင်ငံတကာဆက်ဆံရေး အထူးအရာရှိချုပ် Dmitry KRUTOY၊ ခရိုင်စတက်ခရိုင် အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ Andrey A. Kononov နှင့် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ သစ်နှင့် ပရိဘောဂလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich က အနာဂတ်ကာလတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ ရေလုပ်ငန်း၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် အခြားသောပို့ကုန်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် ကဏ္ဍများကိုလည်းကောင်း၊ ဆောင်းရာသီ၌ စိန့်ပီတာစဘတ်တွင် ကျင်းပမည့် နိုင်ငံပေါင်း ၃၀ မှ ထုတ်ကုန်များကို ခင်းကျင်းပြသမည့် ပြခန်းနှင့်ဈေးရောင်းပွဲတော်၌ မြန်မာနိုင်ငံမှထုတ်ကုန်များကို ပြသနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး အသေးစားရေအား လျှပ်စစ်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအဖြစ် ဆိုလာနည်းပညာနှင့် ရုရှားလက်ဖက်ခြောက် ထုတ်လုပ်မှုတို့ကို မိတ်ဆက်ပြောကြားသည်။



ယင်းနောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံအကျိုးရှိစေမည့် စီးပွားရေးဆိုင်ရာ ကဏ္ဍများကိုလည်းကောင်း၊ ဆန်တင်ပို့မှုကဏ္ဍ၊ ငါး/ပုစွန် ပို့ကုန်ကဏ္ဍ၊ ပင်လယ်ပြင်ရေနက်၌ ငါးဖမ်းဆီးမှုတွင် သင်္ဘောနှင့်နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍနှင့် အထည်ချုပ်လုပ်ငန်းတို့ကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးရာ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌက ချိတ်ဆက်ဆောင်ရွက်သွားမည့်ကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံမှုသည် ရုရှား-မြန်မာ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယနေ့ အဆိုအကအရေးအတီးပြိုင်ပွဲများကပေးနေသော ယဉ်ကျေးမှုအသိဉာဏ်

မိုးကေနိုင်

ယဉ်ကျေးမှုဟူသည်ကို သဘာဝကပေးထားသော အသိဉာဏ်ပညာတစ်ခုအဖြစ် မှတ်ယူပါသည်။ ထိုသဘာဝတရားကို လူတို့က ဖန်တီးယူလိုက်သောအခါ လူသားယဉ်ကျေးမှုဟူ၍ ဖြစ်လာသည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအသီးသီးက ဖန်တီးရယူလိုက်သော ထိုယဉ်ကျေးမှုသည်ပင် သူတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သွားသည်။

**“တန်ဖိုးကြီးပြီး မြတ်နိုးစရာကောင်းသော မြန်မာသီချင်း အဆို၊ အက၊ အရေး၊ အတီး အများစုသည် ဂန္ထဝင်မြောက်လွန်း၍ တန်ဖိုးထားတတ်ရပါမည်။ ထို့အပြင် ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်သဘောတရားနှစ်ခုသည် ဆက်စပ်နေသည့်အတွက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချစ်စိတ်နှင့်တစ်ပါတည်း ယဉ်ကျေးမှုကိုတွဲဖက်၍ မြင်သင့်ပါသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုကို ထာဝရစွဲမြဲနေအောင် ကျောင်းသားအရွယ်ကလေးဘဝကပင် ပြုစုပျိုးထောင်ထားအပ်သည်။ အခြားသောယဉ်ကျေးမှုများ ဝါးမျိုမခံရအောင် စာသင်ခန်း၌ပင် အနုပညာအခြေခံများကို လေ့ကျင့်မွေးမြူပေးပြီး လက်ခံနိုင်မည့် နည်းလမ်းများဖြင့် သင်ကြားပြသ”**

ထိုကိုယ်ပိုင်ယဉ်ကျေးမှုသည်ပင် ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်အလှများအဖြစ် တင်စားဖော်ပြခံရပြန်သည်။ အလှတရားအဖြစ် ပြောင်းလဲလာသော မူပိုင်ယဉ်ကျေးမှုတစ်ခုသည် ထိုလူမျိုး၊ ထိုတိုင်းရင်းသားတို့၏ ဘဝတည်ဆောက်ပုံများနှင့် ပျိုးထောင်ပုံများကို ထင်ဟပ်ပါသည်။ တစ်နည်းအားဖြင့် လူမျိုးတစ်မျိုး၏ ပြောဆို၊ နေထိုင်၊ လုပ်ကိုင်၊ စားသောက်မှု၊ စိတ်နေသဘောထားမှအစ လူနေမှုပုံစံ၊ အတွေးအခေါ်နှင့် အသိပညာမြင့်မားမှု၊ ယုံကြည်ကိုးကွယ်မှု၊ စံတန်ဖိုးများ၊ အစဉ်အလာ ရိုးရာဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ ဘာသာအယူဝါဒအဆုံးအမများနှင့် လက်မှုအနုပညာပစ္စည်းများ၊ ရှေးဟောင်းအသုံးအဆောင် တန်ဆာပလာများစသည့် ထူးခြားသော ဝိသေသလက္ခဏာများသည်ပင် ထိုလူမျိုး၏ ယဉ်ကျေးမှုစနစ်တစ်ခုအဖြစ် ဖြစ်တည်မှုကိုဖော်ပြနေသည်။

### ယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုး၏ သမိုင်းကိုပြဆို

ထိုသို့ဖန်တီးတည်ဆောက်ထားသော ကိုယ်ပိုင်ယဉ်ကျေးမှုစနစ်တစ်ခုကို လူမျိုးတိုင်း၊ နိုင်ငံတိုင်းက မိမိတို့ကိုယ်ပိုင်အနုသုခုမလက်ရာ အမွေအနှစ်များအဖြစ် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြသည်ချည်းဖြစ်သည်။ မည်သည့်လူမျိုးကမျှ မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို စွန့်လွှတ်ခြင်း၊ ပစ်ပယ်ခြင်းဟူ၍ ရှိမည်မဟုတ်ပါ။ အမွေအနှစ်တစ်ခုသဖွယ် မြတ်နိုးတန်ဖိုးထားကြခြင်းမှာ ယဉ်ကျေးမှုအဆင့်အတန်းက လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူနေမှုအဆင့်အတန်းကို ပြနေသောကြောင့်ဖြစ်သည်။

လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့် ထိုလူမျိုး၊ ထိုနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းသည် အတူယှဉ်တွဲ၍ ပါလာသည့်အတွက် ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏အမှတ်အသား အသက်ဝိညာဉ်လည်းဖြစ်သည့်အတွက် ယဉ်ကျေးမှုသမိုင်းမရှိသောလူမျိုးကို အဓိပ္ပာယ်မဲ့သောလူမျိုးဟုပင် သတ်မှတ်ထိုက်သည်။

ထို့ကြောင့်လည်း အားလုံးက ကိုယ်စီယဉ်ကျေးမှုစနစ်များကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြရသည်။ မိမိယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်ကော တစ်ပါးသောသူများကပါ ခံစားနားလည်နိုင်အောင် လေ့ကျင့်မွေးမြူကြရသည်။ များသည်ထက်များအောင် ပွားကြရသည်၊ ပျံ့သည်ထက်ပျံ့နှံ့အောင် ဖြန့်ကြခြင်းဖြစ်သည်။ ကောင်းသောအစဉ်အလာဖြင့် လူတို့ကို ယဉ်ကျေးအောင် လေ့ကျင့်ပေးကြသည်။ နိုင်ငံတိုင်းက မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် မိမိတို့လူ့အဖွဲ့အစည်း တိုးတက်အောင် မွမ်းမံပြင်ဆင်ကြသည်ကို တွေ့ရသည်။

### ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် ယဉ်ကျေးမှုအမွေနှင့် ယနေ့လူငယ်

ယဉ်ကျေးမှုအမွေဟူသည် အရေးကြီးလှပါသည်။ အထူးသဖြင့် ကျွန်တော်တို့နေထိုင်ရာ မြန်မာနိုင်ငံတော်ကြီးအတွက်ကား ပို၍အရေးကြီးပြီး ပိုပြီးသတိထားစရာအချက်များလည်း ရှိနေသည်။ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့်အတူ တိုင်းရင်းသားလူမျိုး ၁၃၅ ကျော်မှာ သူ့အစဉ်အလာကောင်းများနှင့်သူ ရှင်သန်မြဲယဉ်ကျေးမှုစနစ်များ ကိုယ်စီရှိပြီးဖြစ်သည်။ မတူကွဲပြားသော်လည်း ခြားနားချက်နည်းပြီး သဘောသဘာဝနှင့် ဂုဏ်ရည်အားဖြင့် နီးစပ်မှုရှိကြကာ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ဂုဏ်ယူပြီး ထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြသည်။ သတိထားမိကြမည်ထင်သည်၊ ဂလိုဘယ်ကို အကြောင်းပြ အပြန်အလှန်ဆက်ဆံမှုကို အခွင့်ယူကာ နိုင်ငံအများစု အထူးသဖြင့် တိုးတက်သောနိုင်ငံများသည် မိမိတို့၏ ယဉ်ကျေးမှုစနစ်ကို အခြားနိုင်ငံများဆီ ပျံ့နှံ့အောင်ဖြန့်နေကြသည်ကို တွေ့ရသည်။ အခြားနိုင်ငံများက ယဉ်ကျေးမှုကိုတော့ အဝင်မခံ ပိတ်ဆို့ဟန့်တားထားသည်။ တော်ရုံတန်ရုံ ယဉ်ကျေးမှုအခံမရှိသောသူများဆိုလျှင် သူတစ်ပါးယဉ်ကျေးမှု၏ ဝါးမျိုခြင်းကိုခံရနိုင်သည်။

**“ယခုခေတ်အခါတွင် မြန်မာ့ယဉ်ကျေးမှုကား အတော်ဆုတ်ယုတ်လာနေသည်ဟု သုံးသပ်လျှင် လွန်မည်မထင်ပါ။ အထိန်းအကွပ်မဲ့ ဝတ်စားဆင်ယင်မှု၊ ရမ်းကားသော အပြောအဆို၊ အရှက်အကြောက်ကင်းသော အရေးအသား၊ အရိုင်းဆန်သောကခုန်မှုနှင့် ပညာပေးမဆန်ဆင်ခြင်မှုမဲ့ ဇာတ်လမ်းဇာတ်ကွက်များက နေရာရလာသောအခါ ယဉ်ကျေးသောမြန်မာ့ယဉ်ကျေးမှုကို အလေးထားရကောင်းမှန်းမသိတော့။ ကြာလျှင် အယူအဆများမှားကုန်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ပပျောက်သွားမည်ကိုစိုးရိမ်ရ”**

ယဉ်ကျေးမှုအရင်းအမြစ်ကို မျှဝေဖလှယ်သည့် ခေါင်းစဉ်အောက်တွင် မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို မခံစားတတ်ကြ၊ ခံစားရကောင်းမှန်းမသိ၊ တန်ဖိုးနားမလည်ကြလျှင် မည်မျှကောင်းမွန်သော ယဉ်ကျေးမှုပင်ဖြစ်ပါစေ တစ်ပါးယဉ်ကျေးမှု၏ တိုက်စားပွတ်တိုက်ခြင်း၊ ပေါင်းစပ်သမမွှေခြင်း၊ ဝါးမျိုခြင်းခံရနိုင်သည်ကို အထူးသတိပြုရပါမည်။

အထူးသဖြင့် ယနေ့မျိုးဆက်သစ်လူငယ်အများစုတွင် ဤအချက်သည် ပို၍အရေးကြီးလာပြီး ယနေ့လူငယ်ထု၏တာဝန်များတွင် ရှေးဘိုးဘေးဘီဘင်တို့ ထိန်းသိမ်းလာခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေကို ဆက်လက်ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများပါပါဝင်သည်ကို အလေးအနက်ထားသတိပြုရန်လိုအပ်သည်ဟု ယူဆပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုသည် အလွန်ပင်တန်ဖိုးကြီး အဆင့်မြင့်မားလှပါသည်။ ရှေးယခင် ခေတ်စနစ်ပေါင်းများစွာကတည်းက ဖြစ်တည်တိုးတက်လာသော အမွေအနှစ်ကောင်းများဖြစ်၍ ယခုတိုင် ကမ္ဘာ့အလယ်တွင် ကြွံ့ကြွံ့ခံရပ်တည်နိုင်ဆဲဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည် အနုပညာကို ကောင်းစွာ ခံစားနားလည်နိုင်စွမ်းရှိသူများဖြစ်ကြသည်။ မြန်မာတို့၏ ဂန္ထဝင် ဂီတ၊ ပြဇာတ်၊ ကဗျာ၊ ပန်းချီ၊ ပန်းပုလက်ရာများသည် မြန်မာတို့အတွက် အဓိပ္ပာယ်ရှိသောဂုဏ်ဒြပ်များ၊ မြန်မာတို့၏ယဉ်ကျေးမှုအရင်းအနှီးများအဖြစ် ဖော်ညွှန်းထားပြီးလည်းဖြစ်သည်။ အမွေအနှစ်အရင်းအမြစ်ဟူသည် တိုင်းပြည်တစ်ပြည်၏ ကြေးမုံပြင်ဖြစ်၍ ဆက်ခံရမည့်ဝတ္တရားရှိသလို လုံခြုံအောင်လည်း စောင့်ရှောက်ရမည်၊ တည်တံ့အောင်လည်း ထိန်းသိမ်းရမည်သာဖြစ်သည်။

### ပညာနှင့်မျိုးချစ်စိတ်အခြေခံသောယဉ်ကျေးမှုကသာ

ဂလိုဘယ် သတင်းမီဒီယာရေစီးကြောင်းတွင် မြန်မာတို့၏ ယဉ်ကျေးမှုကို အလွယ်တကူ မျောပါစီးမျောခွင့် မပြုနိုင်ပါ။ အမျိုးသားရေးကြွန်အင်နှင့် အမျိုးသားစရိုက်လက္ခဏာများ ပါဝင်သည်ဖြစ်၍ အမျိုးသားယဉ်ကျေးမှုဟူသော ဂုဏ်ဒြပ်များထိုက်ပြီးဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှ အခြားအခြားသောယဉ်ကျေးမှုများနှင့် တစ်သားတည်းဖြစ်၍မရ၊ ပေါင်းစပ်၍လည်းမသင့်ဟု ထင်မြင်မိပါသည်။ သို့သော် အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်ဘဲ အကျိုးဖြစ်ထွန်းမှုရှိမည်ဆိုလျှင် အချင်းချင်း ယဉ်ကျေးမှုဖလှယ်သည့်ပုံစံဖြင့် ကွဲပြားခြားနားသောယဉ်ကျေးမှုများကို အပြန်အလှန် အသိအမှတ်ပြုပြီး ပေါင်းစပ်ခွင့် ပေးကောင်းပေးနိုင်ပါလိမ့်မည်။

ယဉ်ကျေးမှုချင်းဖလှယ်၍ မိမိယဉ်ကျေးမှုကို ရိုးရာမပျက်တီထွင်ဆန်းသစ်ခြင်းဖြင့်လည်း ခေတ်မီသောယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးယူ၍ရပါသည်။ ထိုအချက်ကို ယနေ့လူငယ်များအနေဖြင့် ကွဲကွဲပြားပြားနားလည်ထားသင့်ပါသည်။ သမိုင်းကြောင်းရှည်လျားသော မြန်မာ့ယဉ်ကျေးမှုသည် အဆင့်မြင့်မားလွန်းသည်ကို ယနေ့လူငယ်များ နားလည်လက်ခံနိုင်စွမ်းရှိအောင် ဦးစွာကြိုးစားပြီး ခေတ်မီသော မြန်မာ့ယဉ်ကျေးမှုတစ်ရပ် ထွန်းကားအောင် ဆောင်ရွက်နိုင်ပါသည်။

တန်ဖိုးကြီးပြီး မြတ်နိုးစရာကောင်းသော မြန်မာသီချင်း အဆို၊ အက၊ အရေး၊ အတီး အများစုသည် ဂန္ထဝင်မြောက်လွန်း၍ တန်ဖိုးထားတတ်ရပါမည်။ ထို့အပြင် ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်သဘောတရားနှစ်ခုသည် ဆက်စပ်နေသည့်အတွက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချစ်စိတ်နှင့်တစ်ပါတည်း ယဉ်ကျေးမှုကို တွဲဖက်၍မြင်သင့်ပါသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုကို ထာဝရစွဲမြဲနေအောင် ကျောင်းသားအရွယ်ကလေးဘဝကပင် ပြုစုပျိုးထောင်ထားအပ်သည်။ အခြားသောယဉ်ကျေးမှုများ ဝါးမျိုမခံရအောင် စာသင်ခန်း၌ပင် အနုပညာအခြေခံများကို လေ့ကျင့်မွေးမြူပေးပြီး လက်ခံနိုင်မည့်နည်းလမ်းများဖြင့် သင်ကြားပြသဆိုဆုံးမပေးသင့်ပါသည်။

အချို့နိုင်ငံများတွင် ကျောင်းစာသင်ခန်းနှင့် ကဇာတ်ခန်းမကဲ့သို့သော အနုပညာလေ့ကျင့်ရာ ဝန်းကျင်များကို ပေါင်းစပ်တွဲဖက်ထားလေ့ရှိသည်ဟု ကြားသိရဖူးပါသည်။ အနုပညာအပေါ် ချစ်မြတ်နိုးစိတ်ကို ပညာရေးအကူအညီဖြင့် ထိထိရောက်ရောက်ရိုက်သွင်းထားရန်လိုပါသည်။ မြန်မာစာ၊ မြန်မာဘာသာစကားကို ချစ်မြတ်နိုးတတ်အောင် လေ့ကျင့်ထားရမည်။ မြန်မာစာပေ၊ မြန်မာဂီတကို တန်ဖိုးထားတတ်အောင် အမြဲထိတွေ့မှုရှိနေအောင်လည်း တွန်းအားပေးနေရပါမည်။ သို့မှသာ မြန်မာ့ယဉ်ကျေးမှုမှတစ်ဆင့် အရိုင်းမှအယဉ်၊ အကြမ်းမှအနုသို့ ယဉ်ကျေးသိမ်မွေ့သွားကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသည် ရမ်းကားမှု၊ ဟော့သွမ်းမှုမပါ။ နဂိုကတည်းကပင် သိမ်မွေ့ယဉ်ကျေးပြီးဖြစ်၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူ့အဖွဲ့အစည်းကို လှပအောင် ဆောင်ကြဉ်းပေးနိုင်စွမ်းရှိပါသည်။ မေတ္တာ၊ ကရုဏာအခြေခံ ကိုယ်ကျင့်တရားကောင်းများဖြင့် ငြိမ်းချမ်းသွားစေမည်ဟုလည်း ယုံကြည်ပါသည်။ ဤသည်ပင် အလွန်မွန်မြတ်သော မြန်မာတို့၏ ယဉ်ကျေးမှုအသိဉာဏ်တစ်ခုဖြစ်လာပါတော့သည်။

### ကောင်းမြတ်သောအမွေကို ပေးမြဲပေးလျက်ရှိ

ယခုခေတ်အခါတွင် မြန်မာ့ယဉ်ကျေးမှုကား အတော်ဆုတ်ယုတ်လာနေသည်ဟု သုံးသပ်လျှင် လွန်မည်မထင်ပါ။ အထိန်းအကွပ်မဲ့ ဝတ်စားဆင်ယင်မှု၊ ရမ်းကားသော အပြောအဆို၊ အရှက်အကြောက်ကင်းသောအရေးအသား၊ အရိုင်းဆန်သောကခုန်မှုနှင့် ပညာပေးမဆန်ဆင်ခြင်မှုမဲ့ဇာတ်လမ်းဇာတ်ကွက်များက နေရာရလာသောအခါ ယဉ်ကျေးသောမြန်မာ့ယဉ်ကျေးမှုကို အလေးထားရကောင်းမှန်းမသိတော့။ ကြာလျှင် အယူအဆများမှားကုန်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ပပျောက်သွားမည်ကိုစိုးရိမ်ရသည်။ မကောင်းသောစရိုက်က မကောင်းသောတရားကိုသာ ပွားစေရာ အတိုင်းအဆမရှိအရက်၊ မူးယစ်ဆေးသုံးစွဲမှုက လူငယ်တို့၏ ယဉ်ကျေးမှုနှင့်ကိုယ်ကျင့်တရားကိုပါ ပျက်ယွင်းသွားစေသည့်အခါ နောက်ဆုံးနိုင်ငံ့ပုံရိပ်ပါ ထိခိုက်ခံရသည့်အနေအထားအထိ ရောက်သွားနိုင်ပါသည်။

စာမျက်နှာ ၁၁ သို့ ○

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပမှုကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

### ကြည့်ရှုစစ်ဆေး

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ရောက်ရှိပြီး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၁၅၁ မှ အတွဲအမှတ် ၃၀၀ အထိ ပုလဲအတွဲများကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများအား တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။




ပုလဲအတွဲများကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြစဉ်။

ထို့နောက် ပြပွဲတွင် ရောင်းချသည့် ပုလဲအတွဲ အမှတ် ၁၅၁ မှ အတွဲအမှတ် ၂၂၅ အထိ တင်သွင်း ထားသော တင်ဒါအမှတ် (၃) ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ပုလဲအတွဲအမှတ် ၂၂၆ မှ အတွဲအမှတ် ၃၀၀ အထိ တင်သွင်းထားသော တင်ဒါအမှတ် (၄) ကို ညနေ ၅ နာရီတွင်လည်းကောင်း တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး ပုလဲအတွဲပေါင်း ၁၅၀ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၃၀၀ ရောင်းချခဲ့ရကြောင်း၊ ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက် အတွဲ ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲဝင် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ပို့ဆောင်နှုတ်ဆက်

ပုသိမ် အောက်တိုဘာ ၂၂

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံ အားပေးစကားများပြောကြားကာ ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဝတီတိုင်းဒေသကြီးကိုယ်စားပြု အသင်းအုပ်ချုပ်သူ နည်းပြများနှင့် တွေ့ဆုံခဲ့ပြီး ပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၏ အကြံပြုသုံးသပ်ချက်များကို ကောင်းစွာနာယူမှတ်သား၍ လိုအပ်သည်များ ပြင်ဆင်ကြရန်၊ တစ်ဦးချင်းပြိုင်ပွဲများတွင် မိမိတို့၏ ပြိုင်ပွဲဝင်ဘာသာရပ်အား ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်နိုင်ရေး၊ အဖွဲ့လိုက်ပြိုင်ပွဲများတွင် စည်းလုံးညီညွတ်မှု၊ အပေးအယူမျှတမှုရှိစေရေး၊ ပံ့ပိုးရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့ပြိုင်ပွဲဝင်အတွက် အကောင်းဆုံးဖြစ်စေရေး ကြိုးစားဆောင်ရွက်ပေးကြရန်၊ သွားလာနေထိုင်စားသောက်မှုများ ဂရုတစိုက်ဆောင်ရွက်ရန်၊ ကျန်းမာရေးကိစ္စရပ်များကိုလည်း အထူးဂရုစိုက်ဆောင်ရွက်ရန်၊ မော်တော်ယာဉ်များကိုလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအတိုင်း မောင်းနှင်ရန်၊ အုပ်ချုပ်မှုယာဉ်များ စနစ်တကျလိုက်ပါဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးဂုဏ်ဆောင်အောင်မြင်မှုရရှိစေရေး ကြိုးစားကြရန် ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်တစ်ဦးချင်းအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်၏ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ - တရုတ် မီဒီယာဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် ၂၀၂၃ အာဆီယံ-တရုတ် မီဒီယာဖိုရမ်တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါဖိုရမ်သို့ အာဆီယံနိုင်ငံများမှ မီဒီယာနှင့် သက်ဆိုင်သည့် ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် မီဒီယာဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၁၀ မှ

ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အနှစ်သာရအပြည့်ဖြင့် နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ ကောင်းမြတ်သောအမွေကို ပြိုင်ပွဲပုံစံဖြင့် ၁၉၉၃ ခုနှစ်ကတည်းက ပေးအပ်ခဲ့ရာ ယခုနှစ်တွင် ၂၄ ကြိမ်မြောက်ရှိခဲ့ပါပြီ။ ယခုအချိန်မှာတော့ ဒေသအဆင့်ပြိုင်ပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနေကြပါပြီ။ ပြီးစီးခဲ့သည့် ပြိုင်ပွဲအကြိမ်တိုင်းမှာကဲ့သို့ ဆို၊ က၊ ရေး၊ တီး ဝါသနာရှင်အားလုံးသည် မိမိတို့ဝါသနာပါရာအလိုက် အကရုပ်စုံသဘင်၊ ခေတ်ဟောင်းကာလပေါ်၊ မဟာဂီတအဆို၊ စန္ဒရား၊ တယော၊ ပလွေ၊ ကွက်စိပ်စသည့် မိမိတို့၏ ကျွမ်းကျင်ပိုင်နိုင်မှုအနုပညာအမျိုးမျိုးကို ဝါသနာရှင်အဆင့်၊ အခြေခံပညာအဆင့်စသည်ဖြင့် အတန်းလိုက် ယှဉ်ပြိုင်ထုတ်ဖော်နေကြသည်မှာ အလွန်အားရကျေနပ်စရာကောင်းပြီး ညှို့ယူဖမ်းစားနိုင်သည့် ဂီတအကသံစဉ်မျိုးစုံကို မကြာမီ လှလှပပခံစားရတော့မည်ဖြစ်ပါသည်။

အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပတော့မည့် ဗဟိုအဆင့်ယဉ်ကျေးမှုပြိုင်ပွဲကြီးက မြန်မာတို့၏ ယဉ်ကျေးမှုအသိဉာဏ်ကို နောင်လာနောက်သားနောင်မျိုးဆက်များအထိ အတိုင်းအတာတစ်ခုမျှ တိုးမြှင့်ပေးနိုင်ရန် လက်တွဲခေါ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်နေပါသည်။

အဓိကကျသည့်အချက်မှာ ခေတ်အဆက်ဆက် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ် အထွန်းကားဆုံးနိုင်ငံတစ်နိုင်ငံမှာ မိမိတို့အမျိုးသားအနုသုခုမပညာရပ်များ ဘယ်လိုနည်းနှင့်မျှ မတိမ်ကောမပပျောက်ရန်ဖြစ်ပြီး အရေးကြီးသည်က နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင်အားပေးကူညီကြရန်နှင့် အားလုံးတွင် တာဝန်ရှိသည်ဆိုသော ခံယူချက်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့်မျိုးချစ်စိတ်က အခြေခံဖြစ်ပါသည်။ ဆက်စပ်ထားရမည့်အရာများလည်းဖြစ်သည်။ ပညာရေးအခြေခံမှ အနုပညာဗီဇကို သွတ်သွင်းထားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ရေးမှာလည်း မျိုးချစ်စိတ်အပေါ်တွင် အခြေခံပြန်ပါသည်။

မျိုးချစ်စိတ်ရှိမှသာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချစ်စိတ်နှင့်အတူ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအနုသုခုမပညာများကို မြတ်နိုးတတ်၊ ခင်မင်တွယ်တာတတ်လာပါမည်။ သို့မှသာ မိမိတို့၏အနုပညာယဉ်ကျေးမှုအုတ်မြစ်ကြီး အစဉ်တည်တံ့ခိုင်မာနေမည်ဖြစ်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုတို့ အလွယ်တကူ ဝင်ရောက်မထိုးဖောက်နိုင်မှာဖြစ်ပါသည်။

ထိုမှတစ်ဆင့် တိုင်းရင်းသားအားလုံး၏ အမျိုးဂုဏ် ဇာတိဂုဏ်ကိုအခြေခံသော ခိုင်မာသည့်အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက် မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ် ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**


မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

**Quality Dental Care for Community**

**"အရည်အသွေးပြည့်..... သွားကျန်းမာရေး ပြည်သူထံသို့ ဆောင်ကြဉ်းပေး"**

၃ ရက် – ၄ ရက် ၊ နိုဝင်ဘာလ

MICC II, နေပြည်တော်


## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်းသီးနှံစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ဖြန့်ဝေပေး

**ရွှေတောင် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်းသီးနှံစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ဖြန့်ဝေပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရွှေတောင်မြို့နယ်ခန်းမသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ သုံးစွဲနိုင်ရေး အသိပညာပေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝယ်ယူထားသည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို ဆောင်းသီးနှံစိုက် တောင်သူများထံ လွှဲပြောင်းပေးအပ်ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ "မဥမ္မာကျော်" စားသောက်ကုန်လုပ်ငန်းသို့ ရောက်ရှိပြီး ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့် စက်ပစ္စည်းများ ရရှိနိုင်ရေး၊ FDA ထောက်ခံချက်ရရှိနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် ဝက်ထီးကန်မြို့ ပျဉ်းမအိုင်ကျေးရွာအုပ်စုရှိ ထိုင်းမျိုး(KKK-3) ကြံသီးနှံမျိုးသန့်စိုက်ခင်းက ၃၆၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ကြံခုတ်လှဲရာတွင် နည်းစနစ်မှန်ကန်စွာ ခုတ်လှဲရန်နှင့် လမိုင်းနှင့် လမတ်အဆင့်များအထိ အထွက်နှုန်းတိုးတက်စေရေး အသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ကျောသာကျေးရွာအုပ်စု၌ ခေတ်မီစိုက်ပျိုးရေးစက်များဖြင့် ဧက ၃၆၀ ဗီယက်နမ်မြေပဲစိုက်ပျိုးနေမှုနှင့် ဝက်မြေတောကျေးရွာအုပ်စု၌ ဧက ၁၈၀ အထွက်နှုန်းကောင်း ရာကာ ၆၆၆ ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး အယ်လ်နီညိုရာသီဥတုနှင့် ကြုံတွေ့နေရပြီဖြစ်၍ အောင်ရေသွင်းချိန်တွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး အသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၂၂

**ရန်ကုန်(ဗိုလ်တထောင်မြို့နယ်)**
**၂ ဒသမ ၂၁ လက်မ**

**တောင်ငူ**
**၁ ဒသမ ၉၄ လက်မ**

**ရန်ကုန်(မရမ်းကုန်းမြို့နယ်)**
**၁ ဒသမ ၇၇ လက်မ**

**တောင်ကြီး**
**၁ ဒသမ ၇၀ လက်မ**

**မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ)**
**၁ ဒသမ ၅၄ လက်မ**

**လှည်းကူး**
**၁ ဒသမ ၃၈ လက်မ**

**လှိုင်လင်**
**၁ ဒသမ ၂၆ လက်မ**

**ရန်ကုန် (မင်္ဂလာဒုံမြို့နယ်)**
**၁ ဒသမ ၁၈ လက်မ**

မိုး/၉လ

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်က ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)တည်ဆောက်ရေး လုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်းက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ချဉ်းကပ်လမ်းများဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကို ဖြည့်စွက်တင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ပြီးစီးပါက လေရှီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ရှိ ပြည်သူများအတွက် ကူးသန်းသွားလာမှုကို များစွာအထောက်အကူပြုသည့် တံတားတစ်စင်း ဖြစ်ကြောင်း၊ ထို့ပြင် ဆွမ္မရာမြို့ ပန်ဆပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုစေမည်



ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကိုလည်း သတိပြုဆောင်ရွက် စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) ချဉ်းကပ်လမ်းဖောက်လုပ်နေမှုနှင့် တံတားကြီး တည်ဆောက်နေမှု လုပ်ငန်းခွင်ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို မှာကြားခဲ့သည်။

### တည်ဆောက်နေ

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းမြို့–လေရှီးမြို့–ပန်ဆပ်–ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်ကို ဖြတ်၍ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတား အခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀(HFL)ဖြင့် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အီဂျစ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် အစ္စရေး-ဟားမတ်စ်ပဋိပက္ခကို ဖြေရှင်းရန် နိုင်ငံတကာညီလာခံ ကျင်းပ

**ကိုင်ရို အောက်တိုဘာ ၂၂**

ဂါဇာ ကမ်းမြောင်ဒေသရှိ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းနှင့် အစ္စရေး-ဟားမတ်စ် ပဋိပက္ခကို ဖြေရှင်းရန်အတွက် နည်းလမ်းကောင်းများရှာဖွေရန် နိုင်ငံတကာညီလာခံကို အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၃၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစ္စရေးနိုင်ငံက တက်ရောက်ခြင်းမရှိခဲ့ပေ။

အီဂျစ်သမ္မတ အယ်လ်စီစီက နိုင်ငံတကာညီလာခံ၌ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ပြန်လည်အသက်သွင်းရန် လမ်းပြမြေပုံတစ်ခုအပေါ် တိကျသော သဘောတူညီချက်တစ်ခုရရှိရေး တိကျစွာ လက်တွဲလုပ်ဆောင်ရန် တက်ရောက်လာသူများကို ၎င်းက တောင်းဆိုခဲ့သည်။



အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် အဆိုပါ နိုင်ငံတကာညီလာခံကို ကျင်းပခြင်း ဖြစ်သည်။

လက်ရှိတွင် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်သို့ မြေပြင်ထိုးစစ်ဆင်ရန် အသင့်အနေအထားတွင် ရှိနေသည်။

ညီလာခံမတိုင်မီ ဂါဇာကမ်းမြောင်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဂါဇာကမ်းမြောင်ဒေသသို့ ကုန်တင်ယာဉ်များ ပို့ဆောင်ခွင့်ပြုရန် အီဂျစ်နယ်စပ်ဖြတ်ကျော်မှုကို ဖွင့်လှစ်ခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တင်းမာမှုများကို ဖြေလျှော့ရန်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးပို့ခြင်းအတွက် အဆိုပါ ညီလာခံမှ မည်သည့်ရလဒ်များ ထွက်ပေါ်လာမည်လဲ ဆိုသည့်အပေါ် နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက အာရုံစိုက်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံ၌ ကျောင်းနေခွင့်မရရှိသည့် ကျောင်းနေအရွယ် ကလေးငယ်ပေါင်း ၇ ဒသမ ၆ သန်းရှိ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၂**

အီသီယိုးပီးယားနိုင်ငံ၌ ပြည်တွင်းပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရရှိသည့် ကျောင်းနေအရွယ် ကလေးငယ်ပေါင်း ၇ ဒသမ ၆ သန်းရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က ပြောကြားသည်။

**၂၀ ရာခိုင်နှုန်းနီးပါးရှိ**

အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာအရ အီသီယိုးပီးယားနိုင်ငံ၌ တစ်စိတ်တစ်ပိုင်းသို့မဟုတ် အလုံးစုံ ပျက်စီးနေသည့် စာသင်ကျောင်းစုစုပေါင်း ၈၅၅၂ ကျောင်းရှိပြီး အဆိုပါစာသင်ကျောင်းအရေအတွက်သည် နိုင်ငံတစ်ဝန်းရှိ ကျောင်းအားလုံး၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံ အိုရိုမီယာဒေသရှိ အာမ်ဟာရာဇုန်၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများသည် ကျောင်းတက်ခွင့်မရှိသည့် ကလေးငယ်အရေအတွက်ကို ပိုမိုတိုးလာစေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကလေးများသည် ကျောင်းပြင်ပကာလ ကြာရှည်ခံခြင်းကြောင့် စာသင်ကြားမှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ခြေ နည်းပါးလာခဲ့ခြင်း ဖြစ်ကြောင်း အစီရင်ခံစာတွင် သတိပေးထားသည်။

အီသီယိုးပီးယားအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်၏ သုံးစွဲခွင့်ပြုသည့် လက်ရှိရန်ပုံငွေ ၂၂ ရာခိုင်နှုန်းသည် ကလေးငယ် ၈၅၁၀၀၀ ခန့်အတွက်သာ လုံလောက်မှုရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၂၀၀၀ ကျော် ပြန်လည်ရောက်ရှိ

**ကဘူး အောက်တိုဘာ ၂၂**

စက်တင်ဘာလမှ လက်ရှိအချိန်အထိ ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အာဖဂန်နစ္စတန် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၂၀၀၀ ကျော်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်အကြီးအကဲ မိုမင်အက်ဂါက ပြောကြားသည်။

ပျမ်းမျှအားဖြင့် မိသားစု ၈၂၀ သို့မဟုတ် ပြည်သူ ၄၀၀၀ ကျော်သည် အပတ်စဉ် ပါကစ္စတန်နိုင်ငံ ဘယ်လ်ချီစတန်မြို့နှင့် ကန်ဒါဟာမြို့ကို ဆက်သွယ်ထားသည့် Spin Boldak နယ်စပ်ဖြတ်ကျော်မှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာကြပြီး ပြန်လာသူအရေအတွက်မှာ မြင့်တက်လာကြောင်း သိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်တွင်းစစ်ပွဲများကြောင့် ပြည်သူ ၂ ဒသမ ၅ သန်းကျော်သည် ပါကစ္စတန်နိုင်ငံသို့ စစ်ဘေးရှောင်ခဲ့ရသည်။ အလားတူ ပြည်သူ ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိသည်။

ပြီးခဲ့သောနှစ်အတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ စစ်ဘေးရှောင်အာဖဂန်ဒုက္ခသည် ၂၀၀၀၀၀ ကျော်သည် ၎င်းတို့၏မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် တူကီယဲသမ္မတ အာဒိုဂန်နှင့် ဟားမတ်စ်အကြီးအကဲတို့ ဆွေးနွေးညှိနှိုင်း

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၂**

တူကီယဲသမ္မတ အာဒိုဂန်သည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးရန်အတွက် ဟားမတ်စ်အကြီးအကဲ အစ္စမေးလ်ဟာနီယက်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တူကီယဲမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဂါဇာကမ်းမြောင်သို့ ရောက်ရှိနေပြီး ဒဏ်ရာရသူများအား လိုအပ်ပါက တူကီယဲတွင် ကုသပေးနိုင်ရေး သေချာစေရန် တူကီယဲနိုင်ငံက ကြိုးပမ်းနေကြောင်း အာဒိုဂန်၏ ပြောကြားချက်ကို ကိုးကား၍ အင်န်ဗွီတီရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံအနေဖြင့် ဒေသတွင်း အပစ်အခတ်ရပ်စဲရေးကို တတ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းနိုင်ရန်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပြီး လက်ရှိဖြစ်ပွားနေသော ပဋိပက္ခနှင့်ပတ်သက်၍ ၎င်းတို့နိုင်ငံ၏ရပ်တည်ချက်ကို အာဒိုဂန်က ထပ်လောင်းပြောကြားခဲ့သည်။

အစ္စရေး-ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းနိုင်ရေးသည် အစ္စရေးနိုင်ငံက ဂျေရုဆလင်အား မြို့တော်အဖြစ် သတ်မှတ်ခဲ့ခြင်း၏ အခြေခံဖြစ်ကြောင်း အာဒိုဂန်က ဆက်လက်ပြောကြား ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဂါဇာကမ်းမြောင်ဒေသကို အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၄၆၀၀ ကျော် သေဆုံး

**ဂါဇာ အောက်တိုဘာ ၂၂**

ဂါဇာ ကမ်းမြောင်ဒေသတွင် အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား သေဆုံးမှုသည် အောက်တိုဘာ ၂၂ ရက်တွင် ၄၆၅၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအတွင်း ပါလက်စတိုင်း ၁၄၂၄၅ ဦး ဒဏ်ရာရခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သေဆုံးသူများထဲတွင် ကလေး ၁၈၇၃ ဦးနှင့် အမျိုးသမီး ၁၀၂၃ ဦး ပါဝင်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်းနိုင်ငံသား ၂၆၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုသည် အောက်တိုဘာ ၇ ရက်က အစ္စရေးစစ်တပ်ပစ်မှတ်များနှင့် မြို့များကို ကြီးမားသော ဟားမတ်စ်တိုက်ခိုက်မှုမှ အစပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ အစ္စရေးတွင် အနည်းဆုံး ၁၄၀၀ သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အသားတု ၁၃၅၀ ကီလိုဂရမ်၊ TVI Fish Dumbells ၃၅၀ ကီလိုဂရမ်၊ သရက်သီး ၄၀၀ ကီလိုဂရမ်၊ Slipper ဖိနပ် ၂၂၈ ရန်၊ Honda ဆိုင်ကယ်(Used) တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ankai Express တစ်စီးနှင့် Golden Dragon Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၃၆၈၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

### အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် အောက်တိုဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း နမ့်အွမ်ကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် မီးခြစ်ဆံဖြောက်ဘူး ၄၀၈၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၄၀၀၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ လီတာ ၅၄၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Dog Food Plastic Cont အခု ၇၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၁၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ဖြူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက် ဆီ ၁၂၀ လီတာ၊ MSI Laptop ၁၅ လုံး၊ Penfolds Wine Bin 28 ၂၂၈ ပုလင်း၊ Dr.Manila အမဲစက်ကုသမှုသွေးရည်ကြည် ပုလင်း ၉၀၀ အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၂၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၁၇၁ တန်၊ သစ်မာ ၁ ဒသမ ၅၅၉ တန်နှင့် အခြားသစ် သုည ဒသမ ၁၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၃၃၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၈၅၃၃၆)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၉၆၄၁၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လွိုင်လင် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ခေါင်းနွဲ့ကျေးရွာအုပ်စု ချိုခမ်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ လွိုင်လင်ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ချိုခမ်းကျေးရွာတွင် အရှည်ပေ ၁၆၅၀၀ ရှိ စိမ့်စမ်းရေ သွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယညွှန်ကြားရေးမှူးက အဆိုပါကျေးရွာရှိ ရေပေးရေး ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ရေရရှိရေးလုပ်ငန်းကို တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၁၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၅ အိမ်၊ လူဦးရေ ၃၈၅ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေးဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၀-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံ့စီးပွားအလေးထားMSMEလုပ်ငန်းများ
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၃၅ ရိုးရာအလှကကွက်၊ ဆိုဟန်၊ ဂီတသံ ရေးစပ်သီကုံးဂီတပုလဲလုံး
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၆)
- ၁၀:၅၀ Economic Review
- ၁၁:၁၀ (၂၄)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ 'ရုပ်သေးပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲ
- ၁၁:၂၅ ဘဝနှင့်အနုပညာ
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အစုန်း' (အပိုင်း-၄၃)
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ (၂၄)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ 'ကွက်စိပ်ပြိုင်ပွဲ' အကဲဖြတ်ပညာရှင်များ အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ ယဉ်ကျေးမှုမြင့်မားနိုင်ငံ့ဂုဏ်ယူဝင့်ကြွား
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၃၈)

### mitv

- 07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:09 A Trip to Gyobyu Reservoir (Part-2)
- 07:29 Tray Art Products
- 07:40 Lantern Floating Festival in Kyauk Kyi Township
- 08:01 News
- 08:26 National Attractions Myanmar (New Destination for Sea Lovers)
- 08:32 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- 08:46 Tahbuhla Dam & Oakkan Chaungtha
- 09:01 The Largest Nunnery In Myanmar
- 09:30 Myanmar Street Foods
- 09:35 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
- 10:27 Topical Topics (No. 30) Informtion Technology, IT and IT Tool

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ကျန်းမာရေးအတွက်ငှက်သိုက်ပေါင်းရည်
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** သာယာရှုမောဖွယ်ရမ္မာမြေ
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂)
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ကျန်းမာရေးအတွက်ဆေးကုသနည်း
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)
- **ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်ရိုးရာဇိနပ်လုပ်ငန်း
- **အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်
- **ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ဇီးဖြူသီးနှင့်ကျန်းမာရေး
- **ချင်း (ဇိုမီး) (၂၂:၀၀ မှ ၂၃:၀၀)** မင်းတပ်မြို့ကိုအလှဆင်တဲ့ တောင်တန်းပေါ်ပန်းအလှများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ တောက်တဲ့ရိုးကျေးရွာကျောင်းလေးမှ ကျောက်ရိုင်းပန်းလေးတစ်ပွင့်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင် အာရုံစိဗ်စိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရှုချင်းအတူတူ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရွှေသို့ချိုမည်ပန်းတိုင်ဆီ(အပိုင်း-၁၃)
- ၁၈:၀၀ Economic Review (အပိုင်း-၂၅)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ဒေင်္ဂါတလူမိုညွှ(ဇာတ်လမ်း)
- ၁၉:၀၀ Rose-Queen of Flowers-Go Wild
- ၂၂:၀၀ Regenerative Farm Combines Ducks and Blueberries Parc Carreg Duck Eggs, Wales
- ၂၃:၀၀ Gardeners' World 2023 Eps

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကျူရှင်နှင့် သင့်ကလေး၏ ကိုယ်စွမ်းကိုယ်စနိမ့်ကျမှု ကင်းဝေးရလေအောင်

ဒေါက်တာမောင်သင်း

**“ကျူရှင်ဟာ အာရှမှာ မိဘနဲ့ ကလေးတွေကြား အတော်ခေတ်စားနေတဲ့ လုပ်ငန်းဖြစ်နေပါတယ်။ ဒါပေမဲ့ကလေးတွေရဲ့ ပညာရေးကို ထက်မြက်အောင် စီစဉ်ရာမှာ မိဘတွေကသာ အခရာပါ။ ကျူရှင်က အဓိကမဟုတ်ပါ။ ဒါကို အမှတ်မမှားကြဖို့လိုပါတယ်။ ကလေးတွေအပေါ် မလွှမ်းမိုးပါစေနဲ့၊ ကျူရှင်ကို အထိရောက်ဆုံးအသုံးချဖို့က မိဘတွေရဲ့တာဝန်ပါ။”**

**မိဘများရဲ့ ကျူရှင်ကို အသုံးချနေမှုအား လေ့လာသုံးသပ်ရေးအဖွဲ့ (စင်ကာပူ)**

မျိုးဆက်သစ်ကလေးများ၏ မွေးရာပါစွမ်းရည်များကို ပိုမိုထက်လာ၊ မြက်လာအောင် စုစုဝေးဝေး လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းဖြစ်ပါသည်။ မွေးရာပါ အရည်အသွေးများ နိမ့်ကျအောင်၊ ကျဆင်းသွားအောင် လေ့ကျင့်ပေးသည့်နေရာ လုံးဝမဟုတ်ပါ။ “ကျောင်း”၏ သဘောကိုက မိမိကိုယ်ကို ဘဝတစ်လျှောက် “ထိန်းကျောင်း” တတ်ရန် လေ့ကျင့်ပေးသည့်နေရာပါ။ သူများကို မှီခိုရန်၊ အားကိုးရန် သင်ပေး၊ လေ့ကျင့်ပေးခြင်း မဟုတ်ပါ။ သူ့ဘဝတစ်လျှောက်လုံး ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်သူများဖြစ်အောင်၊ တစ်နည်းအားဖြင့် သူများကို မှီခိုမှုကင်းအောင် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။

မိဘများကို မေးပါရစေ။ ကိုယ့်သားသမီးကို ကျောင်းထားခြင်းသည် ကလေးများ၏ ကိုယ်စွမ်းကိုယ်စ မြင့်မားစေရန်လား၊ နိမ့်ကျစေရန်လား ဆိုသည်ကိုပါ။ ပြီးလျှင် မိဘများ ကိုယ့်သားသမီးကို **“ခေါင်းဆောင်ဖြစ်စေချင်လား”**၊ **“သူများအခိုင်းခံဖြစ်စေချင်လား”**ဟု ဆက်မေးလျှင် မိဘအားလုံးက ကိုယ့်သားသမီးကို ခေါင်းဆောင်အဖြစ်သာ မျှော်မှန်းကြပါသည်။ အခိုင်းခံဘဝကို မရောက်စေချင်ပါ။ မိဘအားလုံး၏ အမြင့်မားဆုံးစေတနာနှင့် ဆန္ဒပါ။ သို့သော် **“ပညာမပါသည့်သဒ္ဓါသည် မိစ္ဆာဒိဋ္ဌိ”** ဆိုသည်ကို မြန်မာမှုဝန်းကျင်တွင် အားလုံးသိကြပါသည်။ အသိမှန်မှ အလုပ်မှန်ပေမည်။ သို့ဖြစ်၍ မိဘများအနေဖြင့် ပညာရေးနှင့်ဆိုင်သည့် အသိပညာဖြည့်ပြီး ဆောင်ရွက်နိုင်ပါမှ ကလေးများအပေါ်ထားသည့် မိဘများ၏စေတနာနှင့် ဆန္ဒ အောင်မြင်မည်ဖြစ်ပါသည်။

အဓိကအနေဖြင့် ကျောင်းဆိုသည့်အရပ်သည် စာမေးပွဲရမှတ်ပြိုင်သောနေရာ မဟုတ်ဘူးဆိုသည်ကို အရင်ဆုံးမြင်တတ်၊ ခံယူတတ်ရပါမည်။ သို့ဖြစ်၍ မိဘများအနေဖြင့် **“စာမေးပွဲရမှတ်များသည်ကို သင့်ကလေးရဲ့ အမြင့်မားဆုံးအောင်မြင်မှု”** သို့မဟုတ် **“စာတော်သည်နှင့် လူတော်မဖြစ်သေးဘူးဆိုသည်ကို ခွဲခြားခံယူထားရန်ပါ။”** ကလေးတိုင်းသည် အရွယ်တိုင်းတွင် သူ့အရွယ်နှင့်ညီမျှသည့် လူ့တန်ဖိုးများ ဖြည့်ပေးရမည်မှာ ပညာရေး၏အဓိကလုပ်ငန်းပါ။ သူများအခိုင်းခံဘဝ မရောက်စေချင်သော မိမိ၏ သားသမီးကို ကျောင်းစာ အဆမတန်သင်ခိုင်းပြီး မိဘ၏ အတင်းအဓမ္မအခိုင်းခံဘဝဆီ မရောက်ရလေအောင် အရင်ဆုံးသတိပြုသင့်ပါသည်။

ထို့အပြင် **“စာရသူ”**၊ **“စာမေးပွဲရမှတ်များသူ”**တို့သည် **“ဉာဏဗလပြည့်စုံသူ”** ဟုလည်း ထင်မှတ်မမှားကြရန် လိုပေလိမ့်မည်။ မြန်မာတို့၏ ဉာဏဗလ (ဉာဏ်ရည်) ဂုဏ်အင်္ဂါတွင်–

(က) နှုတ်မှုကျွမ်းကျင်ခြင်းနှင့် ဘာသာစကားကျွမ်းကျင်မှုဉာဏ်ရည်၊
(ခ) ကြောင်းကျိုးဆက်စပ်နိုင်မှုနှင့် သင်္ချာဆိုင်ရာဉာဏ်ရည်၊
(ဂ) အမြင်၊ ခံစားမှုနှင့် ပုံဖော်နိုင်မှုဉာဏ်ရည်၊
(ဃ) ဂီတနှင့်အနုပညာဉာဏ်ရည်၊
(င) လူမှုဆက်ဆံရေးဉာဏ်ရည်၊
(စ) မိမိကိုယ်ကို ရှုမြင်သုံးသပ်နိုင်စွမ်းဉာဏ်ရည်၊
(ဆ) ကိုယ်ခန္ဓာ လှုပ်ရှားထိတွေ့မှုဆိုင်ရာဉာဏ်ရည်တို့ပါဝင်သည်ဟု ပညာရေးပညာရှင်များက ဖွင့်ဆိုကြပါသည်။ စာမေးပွဲရမှတ်ကို ဦးစားပေးပြီး မိမိကလေးကို စာလောက်သာ ဇောင်းပေး လေ့ကျင့်ပေးခဲ့မှုများခဲ့လျှင် အထက်ပါကလေးငယ်တစ်ဦး မဖြစ်မနေပိုင်ဆိုင်ရမည့် **“ဉာဏ်ရည်မြင့်မားမှု”**၊ တစ်နည်းအားဖြင့် **“လူ့တန်ဖိုးမြင့်မားမှု”**ကို ထိခိုက်နိုင်သည်ကို အထူးသတိပြုအပ်ပါသည်။



မြန်မာ့ပညာရေးကို စိတ်ဝင်စားသူများ မေးလေ့ရှိသည့်မေးခွန်းက **“ကျွန်တော်တို့ ကလေးတွေဟာ မနက်အိပ်ရာထရင် ကျူရှင်တက်၊ ပြီးတော့ ကျောင်းသွား၊ ကျောင်းဆင်းရင် ကျူရှင်ပြန်တက်၊ မိဘတွေကလည်း ကျူရှင်အတွက် လုံးပန်းရနဲ့ ကလေးရော မိဘတွေပါ အတော်ပင်ပန်းကြပါတယ်။ ပညာရေးမှာ ကျူရှင်က အတော်လွှမ်းမိုးနေပါတယ်။ အဲဒီလိုလွှမ်းမိုးတာ ဘာကြောင့်ပါလဲ၊ ပြီးတော့ လွှမ်းမိုးမှုနှုန်း အခုလိုပဲ ဆက်များနေခဲ့ရင် မြန်မာ့ပညာရေးအနာဂတ် ဘယ်လိုဖြစ်သွားမှာလဲ”** ဆိုသည်တို့ပါ။

လေ့လာမိသလောက် ဖြေကြားရလျှင် ကျူရှင်သည် ပညာရေးရှိသမျှ ရှိနေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်တိုင်း ဘာသာရပ်အားလုံးကို လိုက်နိုင်ရန်၊ နားလည်ရန် ခဲယဉ်းပါသည်။ တစ်ဦးချင်း၏ ဉာဏ်ရည်အနိမ့်၊ အမြင့်နှင့် စိတ်ဝင်စားမှုအပေါ်မူတည်၍ အားနည်းသော ဘာသာရပ်ရှိနိုင်ပါသည်။ သို့အတွက် ကျောင်းက သင်ပေးခြင်းသည် တချို့ကလေးများအတွက် မလုံလောက်နိုင်ပါ။ ထပ်ဆောင်းသင်ရန် လိုအပ်ပါသည်။ သို့သော် ကလေးများအားလုံးနှင့် မသက်ဆိုင်ပါ။

ဆိုလိုသည်မှာ ဘာသာရပ်အားနည်းသော ကလေးများသာ ထပ်ဆောင်းသင်ရန် လိုပါလိမ့်မည်။ ထို့အပြင် ကျူရှင်က ကလေးများ၏ ပညာရေးအပေါ် လွှမ်းမိုးလာရသောအဖြစ်မျိုးလည်း မဖြစ်သင့်ပါ။ ထိုသို့ ယနေ့ဖြစ်လာရခြင်း၏ တကယ့်အကြောင်းရင်းသည် မိဘများ၏ **“ပညာရေးဗဟုသုတအားနည်းမှု”**၊ တစ်နည်းအားဖြင့် **“စာရမှတ်လောက်ကိုသာ ဦးထိပ်ထားမှု”** ကြောင့်ဟု မြင်မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက သူ၏ **“ကျောင်းသားဝတ္တရား”** ဟူသည့်ဆောင်းပါးတွင် **“ကျောင်းသားဝတ္တရားမှာ အတန်းစာလောက်သာ ကျက်ပြီး စာမေးပွဲအောင်ရုံမျှသာဟု ယူဆလျှင် ထိုအယူအဆသည် အောက်တန်းကျပြီး နက်နဲမှုမရှိသည့် ပညာရေးအယူအဆဖြစ်သည်”** ဟု ဖော်ပြထားသည်။ မိဘများအနေဖြင့် မိမိ၏ကလေးများကို **“နက်နဲမှုမရှိသည့် ပညာရေးအယူအဆ”** အား အကောင်အထည်ဖော်ခိုင်းနေခြင်းဟု မြင်မိပါသည်။ အထူးသဖြင့် ကျောင်းစာချည်းသက်သက် တော်သူ၊ စာမေးပွဲရမှတ်သာ များပြီး အားကစား၊ လူမှုဆက်ဆံရေး၊ ပရဟိတလုပ်ငန်း၊ စာဖတ်ခြင်းနှင့် ပတ်ဝန်းကျင်လေ့လာမှုကင်းသူသည် လူတော်တစ်ယောက် မဟုတ်ဆိုသည်ကို သိသင့်ပါသည်။

လူတော်ထက် အဆင့်နိမ့်ပါသည်။ စာမေးပွဲတွင် အမှတ်ရရန်အတွက် ဇောင်းပေးပြီး ဘဝတစ်လျှောက် ထွန်းတောက်ရမည့် လူ့တန်ဖိုးအစစ်အမှန်များနှင့် လဲလှယ်ခဲ့ကြ၍ပါ။ မိဘများအနေဖြင့် မိမိတို့ကလေးကို ကျူရှင်ထားတော့မည်ဆိုလျှင် **“တန်ဆေး၊ လွန်ဘေး”** မဖြစ်ရလေအောင် ပညာရေးပညာရှင်များ၏ ကျူရှင်နှင့်ပတ်သက်ပြီး သတိထားရမည့် အောက်ပါအချက်များကို လိုက်နာကျင့်သုံး သတိပြု၍ ကျူရှင်ထားစေချင်ပါသည်။

ကျူရှင်ကို အထူးပြုလေ့လာသူ ပညာရှင်များ၏ တွေ့ရှိချက်များကို သာမန်ပညာရေးသမားများ ပင်လျှင် မမြင်နိုင်ပါ။ သုတေသနရလဒ်ကို အခြေခံထားပါသည်။ ကလေးများ၏ လက်ရှိနှင့် နောင်အနည်းဆုံး နှစ် (၂၀) တွင်မှ ပေါ်ထွန်းလာမည့် အောင်မြင်မှုအတွက် သုံးသပ်ထား၍ မြန်မာမိဘများ ပေ့ါပေ့ါတန်တန်မထားအပ်ပါ။ အထူးဂရုစိုက်စေချင်ပါသည်။

**(က) ကျူရှင်သည် ကလေးများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းသည့်အရာပါ**

ကျူရှင်သည် အာရှတွင် အဓိကကျသည့် လုပ်ငန်းဖြစ်နေပါသည်။ ကျွန်တော်တို့ဆီတွင် ကျူရှင်သည် မိဘနှင့် ကလေးများကြား **“မပါမပြီး လုပ်ငန်းအသွင်”** နေရာယူနေပါသည်။ သို့သော် ကျွန်တော်တို့ကလေးများ၏ပညာရေးကို ထက်မြက်အောင် ဆောင်ရွက်သည့်နေရာတွင်တော့ မိဘက အဓိကပါ။ ကျူရှင်ဆရာများသည် အဓိကမဟုတ်ပါ။ ယင်းကို အမှတ်မမှားရန်နှင့် ပြတ်သားစွာမြင်တတ်ရန်လိုပါသည်။ ကျူရှင်ကို အထိရောက်ဆုံးအသုံးချရန်မှာ မိဘများ၏တာဝန်ပါ။ ကျူရှင်က သင့်ကလေး၏ ပညာသင်ကြားရေးအပေါ် မလွှမ်းမိုးမိပါစေနှင့်။

ပိုဆိုးသည်က ကျူရှင်တက်မှ ပိုအောင်မြင်မည်ဆိုသည့် ပတ်ဝန်းကျင်က မိသားစုအပေါ်လွှမ်းမိုးသော **“အများမိုးခါးရေသောက် အမြင်မျိုး”** မိဘရော ကလေးများဆီတွင်ပါ မရောက်စေရန်၊ အမြစ်မတွယ်စေရန်ပါ။ ကျူရှင်အပေါ် ကိုယ့်သား သမီးကို ပုံအပ်မထားမိပါစေနှင့်။ **“ကျူရှင်ဆိုတာ သင့်ကလေးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အရာပါ”**။ လိုအပ်သလောက်သာ ဖြည့်ဆည်းပေးရမယ့်အရာကို **“အားထားရမယ့်အရာ”**လို့ မိဘများရော သားသမီးများပါ **“ပညာရေးအမြင်ဖြင့် ကြည့်တတ်သည့်သတိ”** ကင်းလွတ်စွာ မခံယူမိစေရန်အတွက် စင်ကာပူက ကျူရှင်လေ့လာရေးအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို ဆောင်းပါးအစတွင် ဖော်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။

**(ခ) ကလေးအားနည်းသောဘာသာရပ်လောက်ကိုသာ ကျူရှင်ယူစေပါ**

ကလေးတိုင်း ဘာသာရပ်အားလုံး အားနည်းခြင်းမျိုးမရှိနိုင်ပါ။ သင့်ကလေး အားနည်းသောဘာသာရပ်ကို အရင်လေ့လာပါ။ ပြီးလျှင်အဆိုပါဘာသာရပ်လောက်ကိုသာ ကျူရှင်ယူစေပါ။ ကျွန်တော် ဂျာမနီကို ဘွဲ့လွန်သုတေသနခရီးသွားခဲ့စဉ်က ကျွန်တော့်သူငယ်ချင်း၏သားနှင့် သမီးသည် မြန်မာပြည်က (၆) တန်းနှင့် (၇)တန်း တက်ခဲ့သူများပါ။ ဟိုရောက်ပြီး ကျောင်းဆက်တက်သည့်အခါ ဂျာမန်စကား မတတ်သေးတာရယ်၊ ဂျာမနီမှာသင်သည့် ဘာသာရပ်များနှင့် သူတို့မြန်မာပြည်မှ သင်သွားသည်များ မတူသည့်အတွက် မလိုက်နိုင်၍ ကျူရှင်ယူရပါသည်။ ကျူရှင်ဆရာက တစ်ပတ်တွင် နေ့တစ်နေ့၏ အချိန်တစ်ချိန်ပေးထားပါသည်။ တစ်ပတ်အတွင်းသင်သည့်စာ နားမလည်လျှင် အဲဒီနေ့၊ အဲဒီအချိန်တွင် လာမေးရန်ပါ။ နားလည်လျှင် သွားစရာမလိုပါ။ မြန်မာပြည်ကဲ့သို့ နေ့တိုင်းတက်နေစရာမလိုပါ။ ကိုယ့်ကလေး အားနည်းသော ဘာသာရပ်ကိုသာ ဖြည့်သင်ပေးရုံ ကျူရှင်ကို ထားသင့်ပါသည်။ သို့မှသာ ကလေး၏ နားချိန်၊ ပျော်ရွှင်ချိန်နှင့် ကျူရှင်သည် အဖြည့်ခံဆိုသည်ကို ပီပြင်မှာပါ။

**(ဂ) ကလေးကို စာဒဏ်ပေးသလို မဖြစ်စေရပါ**

ကလေးများကို ကျောင်းထားသည်ဆိုခြင်းမှာ ဒဏ်ပေး၊ အပြစ်ပေးရန် မဟုတ်ပါ။ ပျော်ရွှင်မှုပေးရန် ဉာဏ်ထက်မြက်စေရန်နှင့် အများနှင့်အတူ နေတတ်ရန်အတွက် အားပေး၊ ခွန်အားဖြည့်ပေး၊ မြှင့်တင်ပေး၊ တည့်မတ်ပေး၊ ပြုပြင်ပေးသည့်လုပ်ငန်းပါ။ ကျောင်းတွင် စာများသင်ပြီး အိမ်စာများများပေး၊ များများလေ့ကျင့်မှ အောင်မြင်မည်ဟုလည်း မယူဆသင့်ပါ။ ကလေး၏အရွယ်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ကျွန်တော်တို့ဆီက မိဘများအနေဖြင့် ကိုယ့်သားသမီးသင်သည့် ဘာသာရပ်များကို အားနည်းနည်း၊ မနည်းနည်း ဘာသာစုံကျူရှင်ထားနေကြပါသည်။ လုံးဝမထားသင့်ပါ။ မလိုဘဲထားမိလျှင် ကလေးစာဒဏ်ပိနိုင်၍ဖြစ်ပါသည်။

အထူးသဖြင့် **“မူလတန်းနှင့် အလယ်တန်းအရွယ်များသည် လူသားတစ်ဦး၏ ဦးနှောက်အဖွံ့ဖြိုးဆုံးအရွယ်များပါ။”** ကလေးတစ်ယောက်သည် နာရီဝက်ထက်ပိုပြီး အာရုံမစူးစိုက်နိုင်ပါ။ နာရီဝက်စာသင်ပြီးတိုင်း အနားပေးသင့်ပါသည်။ ထိုထက် ပိုခိုင်းမိလျှင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သည်ဟု ပညာရေးစိတ်ပညာရှင်များက လေ့လာတွေ့ရှိထားပါသည်။

စာဒဏ်ပိလျှင် ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ပြီး ဘဝ၏ ဆက်လက်အောင်မြင်မှုပန်းတိုင်နှင့် အလှမ်းဝေးနိုင်သည်ဟု ကျူရှင်အကြောင်းလေ့လာသူများက သုံးသပ်ထားပါသည်။ ထို့ပြင် သင်ခန်းစာထက်ကျော်ပြီး စာအရှိန်မြှင့်သင်လေ့ရှိသည့် ကျူရှင်ကျောင်းကို မဖြစ်မနေရှောင်ကြရန်လည်း အကြံပြုထားပါသေးသည်။ ကျွန်တော်တို့ဆီတွင် ထိုကဲ့သို့သောကျောင်းမှ ကောင်းသည်ဟု မိဘများက ခံယူနေကြပါသည်။ ထိုခံယူချက်မမှန်ပါ။ ကိုယ့်ကလေးများကို စာထောင်ချောက်ထဲ တွန်းမပို့သင့်ပါ။ သင်ယူမှုကို ငြီးငွေ့ပြီး ဘဝတွင် ဆက်လက်ပညာဖြည့်ဆည်းမှုများ ရပ်သွားနိုင်ပါသည်ဟု ပညာရှင်များက တွေ့ရှိထား၍ပါ။ ပညာလေ့လာဆည်းပူးမှုကို စဉ်ဆက်မပြတ်ဖြည့်ဆည်းမှု (3L = Life–Long– Learning) ရှိနေမှ တိုးတက်အောင်မြင်နိုင်မည့် ယနေ့ပညာခေတ်တွင် ကလေးများ ပညာဆက်လက်ဖြည့်ဆည်းချင်သည့်စိတ် ကုန်ခန်းသွားခြင်းသည် အပင်ပေါက်ကို အညွန့်ဖြတ်လိုက်ကဲ့သို့ပါပင်။ မိဘများ၏ ဆန္ဒလွန်ကဲမှုကြောင့် မိမိသားသမီးများ ကိုယ်စိတ်နှစ်ပါးစလုံးကို စာဒဏ်ပိစေပြီး ဘဝတစ်ခုလုံး ဉာဏ်တုံးသွားနိုင်သည်ကို သတိပြု၍ ကျူရှင်ထားသင့်ကြောင်း ပညာရှင်များက အကြံပြုထားပါသည်။

**(ဃ) စိတ်ရောကိုယ်ပါ ကျန်းမာရေးထိခိုက်သူမဖြစ်စေရပါ**

ပညာရေး ပညာရှင်များ၏ လေ့လာချက်အရ အိမ်၊ ကျောင်းနှင့် ကျူရှင်၌သာ အချိန်ကုန်သည့် ကလေးများသည် စာသင်ခန်းတွင်ရော အိမ်တွင်ပါ တုံ့ပြန်မှုနှေးကွေးပြီး

စာမျက်နှာ ၁၇ သို့ ▲

▲ စာမျက်နှာ ၁၆ မှ

ကပေါက်တိ ကပေါက်ချာ အဖြေများပေးတတ်သည်ကို တွေ့ရပါသည်။ ထိုကလေးများသည် စိတ်ပင်ပန်းနွမ်းနယ်နေကြသူများသာ ဖြစ်ပါသည်။ သူတို့အတွက် အလိုအပ်ဆုံးအရာမှာ ဦးနှောက်နားချိန်များများရရန်နှင့် ဦးနှောက်ရှင်ဖို့ ကစားချိန် ထိထိရောက်ရောက်ပေးရန်ပါ။ ကစားခြင်းသည် သွေး၊ လေလည်ပတ်မှု မှန်ကန်စေကာ ဦးနှောက်သို့ အောက်ဆီဂျင်ပြည့်ပြည့်ဝဝရစေသဖြင့် ဉာဏ်ရွှင်စေပြီး စူးစမ်းလိုစိတ်ကို ပိုမိုထက်မြက်စေ၍ပါ။

အများနှင့် ကစားသည့်အခါ လျှပ်တစ်ပြက်ဆုံးဖြတ်နိုင်မှု၊ စည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တစ်ကိုယ်ကောင်းဆန်မှု ကင်းစေခြင်းစသည့် အလေ့အကျင့်တို့ကိုပါ လေ့ကျင့်ပြီးသားဖြစ်ပါသည်။ ဗိုက်နာ၊ ခေါင်းကိုက်၊ နှာစေး၊ ပန်းနာ၊ အိပ်မပျော် စသည်တို့ မကြာခဏဖြစ်လေ့ရှိသောကလေးကို ပညာရေးစိတ်ပညာရှင်များက နေ့စဉ် ကစားကွင်းထဲခေါ်သွားကာ ကစားစေပြီး လေ့လာစောင့်ကြည့်သည့်အခါ ထိုရောဂါများ ပျောက်သွားသည့်အပြင် ကျောင်းစာတွင် ပိုမိုထူးချွန်လာသည်ကို တွေ့ရပါသည်။

ကျောင်းနှင့် အတန်းများ၏ စုပေါင်းလှုပ်ရှားမှုများတွင်ပါ ခေါင်းဆောင်နိုင်လာပါသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်စေ၍ပါ။ ထိုအချက်နှင့် ပြောင်းပြန် ကျောင်းစာချည်း ဖိသင်ခံနေရသည့် ကလေးသည် သင်ခန်းစာကို စိတ်ဝင်စားမှုအားနည်းလာပြီး ပိုမိုထုံထိုင်းလာတတ်သည်ဟု ဆိုပါသည်။ အခန်းထဲမှာချည်း နေရသည့်အတွက် လေကောင်းလေသန့်မရ၊ ကျောင်းစာချည်းသင်နေရခြင်း၊ ထို့ပြင် ဆရာ၊ အိမ်သူအိမ်သားများစသည့် တွေ့နေကျ ပတ်ဝန်းကျင်ကြောင့်ပါ။

ထို့ကြောင့် ကျူရှင်နှင့်သာ အချိန်ကုန်စေသည့် ကလေးသည် အနာဂတ်တွင် ဉာဏ်ရွှင်ရန်၊ ဉာဏ်ကောင်းရန် အခွင့်အလမ်းနည်းသကဲ့သို့ ကျန်းမာသန်စွမ်းမှုလည်း ကျဆင်းလာပါသည်။ ယခင်က အောင်မြင်သောသူများတွင် EQ နှင့် IQ မြင့်ရမည်တဲ့။ ယနေ့ခေတ်တွင်တော့ ထိုနှစ်ခုအပြင် SQ (Spiritual Quotient) ဆိုသော မိမိကိုးကွယ်ရာ ဘာသာတရားကို လေးစား၍ စိတ်ထားကောင်းမွန်ခြင်းနှင့် PQ (Physical Quotient) ဟူသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်မှု ပြည့်စုံရမယ်ဆိုသည်များ ပါဝင်လာပါသည်။

ဘုရားသွား၊ ကျောင်းတက်၊ အားကစားလုပ်ခြင်းမျိုး မဖြစ်မနေလုပ်ရပါလိမ့်မည်။ ဆိုလိုသည်မှာ ပညာရေးဆိုသည် ဉာဏ်ပညာထက်မြက်ပြီး စိတ်ထားမြင့်မြတ်ကာ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ လေ့ကျင့်ပေးရေးပါ။ ကျောင်းတွင် စာမေးပွဲရမှတ်များပြီး အနာဂတ်လုပ်ငန်းခွင်တွင် ကျန်းမာ ရေးချို့တဲ့နေသည့် သင့်သား သမီးဟာ စိတ်သွားတိုင်း ကိုယ်မပါဖြစ်ပြီး သူများကဲ့သို့ အောင်မြင်မှုဆီ မြန်မြန်မရောက်နိုင်သောဘဝ ရောက်သွားနိုင်ပါသည်။

**“ဘဝ၏ လေးပုံတစ်ပုံဖြစ်သည့် ကျောင်းနေဘဝတိုတိုလောက်ကိုသာ မကြည့်ပါနှင့်။ ကျောင်းနေကာလထက် လေးပုံသုံးပုံဆက်လက်ရှင်သန်ရမည့် ဘဝတစ်လျှောက်လုံးအတွက် မြော်တွေးကြည့်သင့်ပါသည်။”** သားသမီး၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို မဖြစ်မနေထည့်တွက်ပေးရန် လိုပါသည်။ သို့မှသာ သင့်သားသမီး စိတ်ရောကိုယ်ပါ ကျန်းမာပျော်ရွှင်စွာ (PQ ပြည့်ဝသူဘဝ) ဖြင့် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်အောင်မြင်သူဖြစ်လာမှာပါ။

**(c) ကလေး၏ လူ့တန်ဖိုးအစစ်များ မနိမ့်ကျစေရပါ**

ကလေးကို ကျောင်းထားပြီး လေ့ကျင့်ပေးသည့် ရည်မှန်းချက်များထဲတွင် **“ကိုယ့် အားကိုယ်ကိုးတတ်စေရန်”၊ “ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရန်”** ဆိုသည်က အဓိကပါ။ ဆောင်းပါးတစ်နေရာတွင် ညွှန်းခဲ့သလို မိမိကိုယ်ကိုဘဝတစ်လျှောက်လုံး **“ထိန်းကျောင်းနိုင်အောင်”၊ “ထိန်းကျောင်းတတ်အောင်”** ကျောင်းသို့ပို့ပြီး လေ့ကျင့်စေတာပါ။ သူများကို အားကိုးသည့်အကျင့် ဖြစ်ထွန်းလာစေရန်မဟုတ်ပါ။ ကိုယ်ရည်ကိုယ်သွေး တက်လာစေရန်ပါ။ ကျူရှင်တက်လျှင် ကျူရှင်ဆရာက မှတ်စုအကုန်ထုတ်ပေးထားပါသည်။ အရန်သင့်ခွံ့ကျွေးခြင်း (Spoon Feeding Education) ပါ။ ထိုကလေးသည် ကိုယ်တိုင်မှတ်စုမထုတ်တတ်တော့ပါ။ အလွတ်သာ ကျက်ပါတော့သည်။ အရန်သင့်ခွံ့ကျွေးသော ပညာရေးစနစ်သည် အရည်အသွေးနိမ့်ပါးသူများသာ မွေးထုတ်ပါသည်။ အောင်မြင်သောပညာရေးတွင် Spoon Feeding စနစ် မသုံးပါ။ ထို့ကြောင့် ကလေးသည် ဘယ်အရာက အဓိကအချက်၊ ဘယ်အရာက သာမညဆိုသည်ကို ခွဲခြားနိုင်စွမ်း လျော့ကျလာပါသည်။ ပညာရရန် ကျောင်းထားပြီး လေ့ကျင့်ရခြင်း၏ သဘောက ကွဲပြားမှုကို နားလည်သဘောပေါက်ခြင်း၊ ကောင်းမှုဆိုးမှု၊ အမှားအမှန်၊ ဓမ္မနှင့် အဓမ္မခွဲခြားနိုင်မှု အရည်အသွေးများ ပိုင်ဆိုင်လာခြင်းက အဓိကဖြစ်ပါသည်။

> **လွတ်လပ်ပြီး မိသားစုနှင့် ချစ်ချစ်ခင်ခင် ကျန်းမာပျော်ရွှင်စွာဖြတ်သန်းရမည့်ကလေးဘဝကို ကျူရှင်ကြောင့် မပျက်သုဉ်းစေသင့်ပါ။ ပြန်လည်အစားထိုးမရနိုင်သည့် မိသားစုနှင့် ကလေးဘဝ၏ တန်ဖိုးအရှိဆုံးအချိန်မို့ပါ။ မိဘများဘက်က ကျူရှင်ကို ဆေးလို အသုံးချနိုင်ရပါမည်။ ဘေးမဖြစ်စေအပ်ပါ။ သို့မှသာ အနာဂတ်တွင် ကျန်းမာကြံ့ခိုင် ဉာဏ်ရည်ထက်မြက်သူဖြစ်ပြီး ကိုယ်တိုင်လည်း ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝတစ်ခုကို ဆက်လက်တည်ထောင်နိုင်ကာ မိမိကို ပြုစုပျိုးထောင်ပေးခဲ့သည့် မိသားစု၏ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်သူ၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် မြန်မာ့လူ့အဖွဲ့အစည်းကို သင့်သားသမီးက ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းဘဝရောက်မည်**

အပြုနှင့်အပျက် သို့မဟုတ်လျှင် အမှားနှင့်အမှန် ခွဲခြားနိုင်မှုကင်းကာ သူများပြောသမျှယုံပြီး တိုင်းပြုပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား မသိဘဲ လိုက်လုပ်နေခြင်းသည် စာလောက်သာသင်ခဲ့ခြင်း၏ လက်တွေ့ရလဒ်များပင်ဖြစ်ပါသည်။ ပြဿနာကို ကိုယ်တိုင်ဖြေရှင်းရမည့် ကိုယ်စွမ်းကိုယ်စများ အကုန်ပျောက်ကုန်ပါတော့သည်။ ကျူရှင်ဆရာကို မှီခိုရာမှ သူများအပေါ်မှီခိုသည့် အကျင့်ဆိုးကြီး ဘဝတစ်လျှောက်လုံး စွဲကပ်လာနိုင်ပါသည်။ ကိုယ့်ဘာသာကိုယ်လုပ်ရဲသည့် သတ္တိလည်း နည်းလာပါသည်။ ပြီးလျှင် Guide ဆရာက စာကျက်ခိုင်းမှ ကျက်ပါသည်။ Guide ဆရာက ခိုင်းမှလုပ်တော့ ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်လုပ်ရမည်ဆိုသည့် **“တာဝန်သိစိတ်”၊ “တာဝန်ယူစိတ်”**များ ပျောက်သွားပါတော့သည်။ သူများကို အနာဂတ်တွင်ခေါင်းဆောင်မည့်သူသည် ထိုစိတ်ထားနှစ်ရပ်ပြည့်ဝရပါမည်။ ထိုနှစ်ခု ပြည့်ဝမှ နောက်ထပ် **“တာဝန်ခံရဲသည့်သတ္တိ”** ဆိုသော ခေါင်းဆောင်အရည်အသွေးလည်း ထပ်ဆင့်တိုးလာကာ သင့်သားသမီးက သူများကို အောင်မြင်စွာခေါင်းဆောင်နိုင်သူဖြစ်လာပါလိမ့်မည်။

**(စ) လူမှုဆက်ဆံရေးညံ့ဖျင်းလာသူမဖြစ်စေရပါ**

နံနက်အိပ်ရာထ ကျူရှင်တက်၊ နေ့လယ်ကျောင်းတက်၊ ညနေကျူရှင်ဆီသွား၊ ပြီးလျှင် Guide နှင့် စာကျက်၊ ထို **“စာသံသရာထဲလည်နေတဲ့ကလေး”** သည် မိသားစုနှင့် ပျော်ရွှင်ရန်အချိန်၊ ကျောင်းနှင့် မိမိဝန်းကျင်မှ သူငယ်ချင်းများ၊ လေးစားရသည့် ရပ်ရွာလူကြီးများနှင့် တွေ့ချိန်၊ စကားပြောချိန်၊ ရင်းရင်းနှီးနှီးပေါင်းသင်းချိန်၊ ပတ်ဝန်းကျင်မှ သင်ယူချိန်မရှိတော့ဘဲ မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်တတ်သည့် အကျင့်မရှိတော့ပါ။ ထို့အတူ မိမိရပ်ရွာနှင့်ဒေသကို ခင်တွယ်တတ်မှု အားနည်းလာပါသည်။ ကလေးကို ပညာသင်ပေးခြင်းသည် အနည်းဆုံး မိသားစု၊ မိမိမိတ်ဆွေများနှင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သည့် မိတ္တဗလပြည့်စုံရေးလည်း ပါဝင်ပါသည်။

ဘဝအောင်မြင်ရေးတွင် မိတ်ဆွေ၏အခန်းကဏ္ဍအရေးကြီးပုံကို မြတ်ဗုဒ္ဓက **“ပုဂ္ဂိုလ်တစ်ယောက် မြင့်မြောက်စေကြောင်း မိတ်ဆွေကောင်းသည် အကြောင်းအပြည့်ဖြစ်စေ၏”** လို့ ဆိုထားသည်ကို သတိအမြဲချပ်နေရပါမည်။ ကလေးသည် လူသားဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းအတွင်း နေထိုင်ရှင်သန်ရမည်ဖြစ်သည့်အတွက် ထိပ်ဆုံးက ကျွမ်းကျင်တတ်မြောက်ရမည့် စွမ်းရည်သည် တခြားသူများနှင့် ပေါင်းသင်းဆက်ဆံတတ်သည့် လူ့အရည်အသွေး ရှိကိုရှိရပါမည်။ ကျူရှင်ကြောင့် အဆိုပါ **“မိတ္တဗလ လူ့တန်ဖိုး”** ကို ဖြည့်ရန် အချိန်မရခဲ့လျှင် စာမည့်မျှတော်တော် လူများနှင့် သဟဇာတဖြစ်အောင်နေတတ်သည့် မိတ္တဗလ ကြွယ်ဝသူဖြစ်ရန်၊ တန်ဖိုးမြင့်သားသမီးဖြစ်ရန် အခွင့်အလမ်းနည်းစေပါသည်။ ကျူရှင်နှင့် အချိန်ကုန်နေခြင်းကြောင့် လူ့အဖွဲ့အစည်းပြင်ပမှ လူသားဘဝကို မိမိ၏သားသမီးရောက်သွားနိုင်သည် ဆိုသည်ကို သတိပြုစေချင်ပါသည်။

**(ဆ) ပျော်ရွှင်မှုဆိတ်သုဉ်းသည့် မိသားစုအတွင်း ကြီးပြင်းလာသူမဖြစ်စေရပါ**

ကျောင်းက ဆရာ၊ ဆရာမများကလည်း ကလေးအရွယ်နှင့်လိုက်သည့်အိမ်စာ ပေးသင့်ပါသည်။ ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် သတိထားရပါမည်။ စာဒဏ်မပိစေရပါ။ ကျောင်းစာကို ကျောင်းချိန်အတွင်း၌ပင် တတ်အောင်သင်ပေးရပါလိမ့်မည်။ သို့ဆိုလျှင် ကလေးများ ကျူရှင်တက်စရာ မလိုတော့ပါ။ ပိုတတ်စေချင်၍ဆိုပြီး မိဘကလည်း ကျူရှင်ကို ထပ်မပို့သင့်ပါ။ ကလေးသည် သူ့ဘာသာသူ အိမ်စာလုပ်၍ ပြီးသွားလျှင် သားရယ်၊ သမီးရယ်၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ အဘိုး၊ အဘွားများနှင့် ညနေခင်း မိသားစုပျော်စရာအချိန်လေးဖြင့် တစ်နေ့တာကို မဖြစ်မနေအဆုံးသတ်ရန်လိုပါသည်။

အကယ်၍ ထိုညနေခင်းကို ကျူရှင်နှင့် Guide သာရှိနေလျှင် **“မိသားစုပျော်ရွှင်မှုဘဝ”** ဆိုသည့် လူ့အဖွဲ့အစည်း၏ အမွန်မြတ်ဆုံးအနှစ်သာရကို မရဘဲ ကြီးပြင်းလာသည့် ကလေးဖြစ်လာပါမည်။ အလားတူ နွေရာသီကျောင်းပိတ်ရက်သည် ကလေးများ၏ ဦးနှောက်နားရမည့်အချိန်၊ လွတ်လွတ်လပ်လပ်ဆော့ကစားရင်း ဦးနှောက်ပိုမိုဖွံ့ဖြိုးရေးအတွက် အနားပေးရမယ့်အချိန်ပါ။ ယင်းကို သတိမထားမိဘဲ နောက်နှစ်အတန်းအတွက် ကျူရှင်တက်ခိုင်းသည့်အခါ ပျော်ရွှင်ချမ်းမြေ့မှုလည်းကင်း၊ မနားရလျှင် ဦးနှောက်ကလည်း ဒဏ်ခတ်ခံရကာ ထုံထိုင်းသွားပါလိမ့်မည်။ ပြီးလျှင် မိဘ၊ ဆွေမျိုးနှင့် အတူနေရသည့်အချိန်နည်းပါး၍ **“မေတ္တာငတ်သူဘဝ”** ရောက်ရှိကာ လူ့ပတ်ဝန်းကျင်ကို အဆိုးမြင်တတ်လာပါသည်။

ကိုရီးယားနိုင်ငံမှ သတင်းတစ်ပုဒ်တွင် ကျောင်းသူလေးတစ်ဦးသည် သူ့မိခင်သေသွား၍ ပျော်နေပါသည်တဲ့။ ဘာဖြစ်လို့လဲဟု မေးကြည့်သည့်အခါ **“နေ့ရော ညပါ သူ့ကို အတင်းစာသင်ခိုင်းမည့်သူ မရှိတော့လို့”** ပါတဲ့။ စာဒဏ်ပိပြီး မိခင်မေတ္တာငတ်သူဟု မြင်မိပါသည်။ အဆိုးမြင်စိတ်ရှိသည့် ကလေးသည် မိသားစုအတွက်ရော လူ့အသိုင်းအဝိုင်းအတွက်ပါ အန္တရာယ်ကြီးသူ ဖြစ်လာနိုင်သည်ကို သတိပြုပါ။ **“ကလေးဘဝတွင် ဘယ်လိုမျှ ပြန်လည်အစားထိုးမရနိုင်သော မိသားစုနှင့် ပျော်ရွှင်ရသည့်နေ့များ၊ အချိန်များနှင့် ဘဝများကို ကျူရှင်ဖြင့် မလဲမိရန် ကျွန်တော်တို့မိဘများ သတိထားရန်လိုပါပြီ”**ဟု မိမိလေ့လာထားမိသမျှကို တင်ပြအပ်ပါသည်။

အချုပ်အားဖြင့် ကျူရှင်စနစ်ကို မိဘများ လက်ခံကျင့်သုံးမည်ဆိုလျှင် –

(က)ကိုယ့်သားသမီး မလိုက်နိုင်သော ဘာသာရပ်လောက်သာ ကျူရှင်ဖြင့် အားဖြည့်ပေးပါ။ သင့်ကလေး ဘဝတစ်လျှောက်လုံး ပိုမိုထူးချွန်အောင်မြင်မှုနှင့် ပျော်ရွှင်ငြိမ်းချမ်းသူဘဝ ပိုင်ဆိုင်ရေးကို အားပေးရာရောက်ပါလိမ့်မည်။

(ခ) ကျူရှင်ကို မှီခိုစရာ၊ အားထားစရာ၊ ကျူရှင်ထားမှ ကိုယ့်ကလေး အောင်မြင်မည်ဟု မခံယူမိရန် လိုပါသည်။ ထိုသို့ခံယူပြီး ကျူရှင်ထားခဲ့လျှင်–

(၁) စာထောင်ချောက်ထဲကျကာ စာဒဏ်ပိပြီး ကလေး၏ (အထူးသဖြင့် မူလတန်း၊ အလယ်တန်းအရွယ်) ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသဖြင့် သင့်ကလေးဘဝတစ်လျှောက်လုံး ဆုံးရှုံးနိုင်ပါလိမ့်မည်။

(၂) ကလေး၏ကျန်းမာရေး၊မိသားစုပျော်ရွှင်ရေး၊ ကောင်းမွန်သည့် လူမှုဆက်ဆံရေးကို ထိခိုက်ပြီး သူငယ်ချင်းအပေါင်းအသင်း အဖော်များနှင့် ပျော်ရွှင်မှုကင်းမဲ့သူအဖြစ် ဘဝကို ဖြတ်သန်းပြီး အရွယ်ရောက်လာနိုင်ပါလိမ့်မည်။ အဆိုးမြင်မှုကို သင်ယူသူဘဝဖြင့် ရှင်သန်သွားပါလိမ့်မည်။

မြန်မာ့ပညာရေးစိတ်ဝင်စားသူ မိတ်ဆွေများ၏မေးခွန်းကို ဖြေကြားမှုအား ချုပ်လိုက်လျှင် **“ပထမအချက်”** အနေဖြင့် သင့်သားသမီးများသည် မိဘ၏ပညာရေးဗဟုသုတ အားနည်းသည့် ဆန္ဒလွန်ကဲမှုကြောင့် တစ်သက်လုံးဘေးမဖြစ်စေရန်နှင့် သင့်သားသမီး၏ ဘဝတစ်လျှောက်လုံး ကိုယ်ရည်ကိုယ်သွေးမြင့်မားနေစေရန်အတွက် **“ကျူရှင်ကို သင်ထောက်ကူပစ္စည်းလို သဘောထားအသုံးချသင့်”**ပါသည်။

လွတ်လပ်ပြီး မိသားစုနှင့် ချစ်ချစ်ခင်ခင် ကျန်းမာပျော်ရွှင်စွာဖြတ်သန်းရမည့် ကလေးဘဝကို ကျူရှင်ကြောင့် မပျက်သုဉ်းစေသင့်ပါ။ ပြန်လည်အစားထိုးမရနိုင်သည့် မိသားစုနှင့် ကလေးဘဝ၏ တန်ဖိုးအရှိဆုံးအချိန်မို့ပါ။ မိဘများဘက်က ကျူရှင်ကို ဆေးလို အသုံးချနိုင်ရပါမည်။ ဘေးမဖြစ်စေအပ်ပါ။ သို့မှသာ အနာဂတ်တွင် ကျန်းမာကြံ့ခိုင်ဉာဏ်ရည်ထက်မြက်သူဖြစ်ပြီး ကိုယ်တိုင်လည်း ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝတစ်ခုကို ဆက်လက်တည်ထောင်နိုင်ကာ မိမိကို ပြုစုပျိုးထောင်ပေးခဲ့သည့် မိသားစု၏ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်သူ၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် မြန်မာ့လူ့အဖွဲ့အစည်းကို သင့်သားသမီးက ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းဘဝရောက်မည်ဖြစ်ပါသည်။

**“ဒုတိယအချက်”** ဖြေကြားမှုအနေဖြင့် စာမေးပွဲရမှတ်သာပြိုင်နေသည့် **“ပညာရေးတံလျှပ်”** ကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ရေအစစ်ကဲ့သို့ ထင်နေမှုကြောင့် အရှိန်အဟုန်ဖြင့် စီးဆင်းနေသည့် **“ကမ္ဘာ့ပညာရေး မြစ်နဒီ”** ထဲသို့ ကျွန်တော်တို့၏ ပညာရေးတံလျှပ်ချောင်း စီးဝင်၍မရသည့်ဘဝမှ ကင်းလွတ်မည်ဟု ကျွန်တော်၏ကျူရှင်နှင့်ပတ်သက်၍ လေ့လာထားမိသည့် ပညာရေးအမြင်ကို ကျောင်းသားမိဘများ အောင်မြင်စွာအသုံးချခြင်းဖြင့် မြန်မာ့ပညာရေးမြင့်မားမှု အထောက်အကူပြုစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်သူ့ရင်ပြင်အတွင်းရှိကွပ်ကဲရေးရုံး၌ ပြုလုပ်သည်။

ဦးစွာ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

ဈေးရောင်းပွဲတော်ကြီးတွင် တိုင်းဒေသကြီးစက်မှုဇုန် ၂၉ ဇုန်မှ အသေးစား၊ အငယ်စား၊ အလတ်စား MSMEs ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ အလှကုန်၊ စားသောက်ကုန်၊ အိမ်သုံး၊ မီးဖိုချောင်သုံး၊ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မြန်မာ့တိုင်းရင်းဆေးအရောင်းဆိုင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အရောင်းဆိုင်များ၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စက်မှုထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ သမဝါယမအသင်းများ၏အရောင်းပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အရောင်းဆိုင်ခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များစသည်ဖြင့် ဆိုင်ခန်းပေါင်း ၅၀၀ ခန့်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပွဲတော်တွင် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်အခြေခံစားကုန်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ဈေးရောင်းပွဲတော်နှင့်အတူ ညပိုင်းတွင် ပြည်သူ့ရင်ပြင်အတွင်းရှိ မီးတိုင်များ၊ Electric tree ခေါ် လျှပ်စစ်သစ်ပင်များ၊ ဖိုးဝရုပ်၊ ဆင်သားအမိ၊ ကုမုဒြာကြာပန်း၊ ပဒုမာကြာပန်းများဖြင့် လှပဝေဆာစွာဖြင့် ရောင်စုံမီးအလှများကို ဆောင်ရွက်ထားရှိပြီး ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေမှုများကို အားပါးတရ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။



ပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ပြည်သူများသွားလာရေးလွယ်ကူစေရန်အတွက် အကြို/အပို့ကားများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဆရာဝန်၊ သူနာပြုများပါရှိသောဆေးအဖွဲ့များ စီစဉ်ထားရှိမည်ဖြစ်ကြောင်းနှင့် သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့များတွင်လည်း မီးရှူး၊ မီးပန်းများပစ်ဖောက်မည်ဖြစ်ပါသဖြင့် မိဘပြည်သူများအနေဖြင့် မည်သူမဆို ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်

**စစ်တွေ အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်း ဒေသခံစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ်(Rakhine Economic Forum 2023)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ ရခိုင်လူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (Rakhine Economic Forum 2023) မုခ်ဦးအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် အခမ်းအနားသည် ရခိုင်ပြည်နယ်အတွင်းမှာရှိသည့် လူငယ်၊ လူရွယ်များ စီးပွားရေးကဏ္ဍတွင် အောင်မြင်စေရေး၊ ရခိုင်ပြည်နယ်မှ နိုင်ငံကိုယ်စားပြု စီးပွားရေး၊ လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး၊ စွန့်ဦးတီထွင်သူများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင်လူငယ်များသည် အနာဂတ်စီးပွားရေးကို မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်စသည်တို့ကို ရည်မှန်းချက်ထားရှိရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ကူးသန်းရောင်းဝယ်သည့်အခါ ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ကုန်ချောအဖြစ်ပြုလုပ်ပြီး Value Added အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချခြင်းသည် မိမိဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်၍ ဈေးပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မည့် လူငယ်များအနေဖြင့် ထိုကိစ္စများကို သိရှိနားလည်ပြီး တီထွင်ဖန်တီးထုတ်လုပ်နိုင်ရေး(MSME) လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးကို လေ့လာပါက စိုက်ပျိုးထုတ်လုပ်နိုင်သည့် လယ်ယာမြေဧကများရှိခြင်း၊ ငါးပုစွန်မွေးမြူနိုင်သည့် ရေသယံဇာတများရှိခြင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အလမ်းများရှိပြီး လူငယ်တို့၏ ကြိုးစားဆောင်ရွက်လိုစိတ်ဖြင့် ယခုထက်သာလွန်ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းထွန်းနိုင် (President, We Love Rakhine၊ Chairman & Group of CEO Blue Ocean Investment Co.,Ltd.) က ဆွေးနွေးဟောပြောပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဟောပြောကြမည့် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာပညာရှင်များ၊ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းနှင့် ခိုင်သဇင်ပန်းခြံအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ IT နှင့်သက်ဆိုင်သော ပစ္စည်းများ၊ Branded အဝတ်အထည်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပညာရေးဝန်ဆောင်မှုများ၊ စီးပွားရေးဆိုင်ရာပြခန်းများ၊ အစားအသောက်နှင့် လူသုံးကုန် ပစ္စည်းများအား ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် လူငယ်စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းထွန်းနိုင်နှင့်အတူ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးလုပ်ငန်းရှင်များ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များက "စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်တစ်ဦး" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးကြသည်။

နေ့လယ်ပိုင်းတွင် စီးပွားရေးပညာရှင် ဦးတင်ဖုံကျော်က ဆွေးနွေးဟောပြောပြီး ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် "လူငယ်နှင့်အနာဂတ်စီးပွားရေးလမ်းကြောင်း"၊ "ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးလမ်းကြောင်း" စသည့် ခေါင်းစဉ်များဖြင့် စီးပွားရေးပညာရှင်များ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများက စကားဝိုင်းဆွေးနွေးကြကာ လှမ်းခဲ့ပါလေ ရခိုင်မြေ Video Clip အားပြသ၍ လူငယ်အမျိုးသမီး ITပညာရှင် ဒေါ်ပန်းအိဖြူက သတင်းအချက်အလက် နည်းပညာခေတ်၏ စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၃၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၃၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသထွက်ဝါးများနှင့် မိုးနဲမြို့နယ် နမ့်မော်လေကျေးရွာမှ ရှမ်းရိုးရာ ဝါးခမောက်လုပ်ငန်း

**တွေ့ဆုံမေးမြန်း - မျိုးညွန့်ရွှေ၊ ဓာတ်ပုံ - နန်းဆိုင်မိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်ခရိုင် မိုးနဲမြို့နယ်တွင် သဘာဝကပေးသော သစ်တောထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ဝါးလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ရှမ်းရိုးရာဝါးခမောက်ထုတ်လုပ်နေမှုများနှင့်စပ်လျဉ်း၍ မိုးနဲမြို့နှင့် သုံးမိုင်ခန့်ကွာဝေးသော မိုက်ဟိုင်းကျေးရွာအုပ်စု နမ့်မော်လေကျေးရွာနေ ဦးဝိစိတ္တနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး ။ ။ ရှမ်းရိုးရာဝါးခမောက်ကို စတင်လုပ်ဖြစ်ခဲ့ပုံလေး ရှင်းပြပေးပါ။**

ဖြေ ။ ။ မိရိုးဖလာရိုးရာလက်မှုလုပ်ငန်းတစ်ခုလည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အဘိုးအဘွားတွေ၊ အဖေအမေတွေလက်ထက်က လက်ဆင့်ကမ်းလုပ်ကိုင်ခဲ့ကြလို့ ကျွန်တော်တို့လည်း ရိုးရာအမွေဖြစ်တဲ့ လက်မှုပညာကို လက်ဆင့်ကမ်းထိန်းသိမ်းရင်းနဲ့ လုပ်ဖြစ်လာတာ အခုအချိန်အထိပါပဲ။

**မေး ။ ။ ကုန်ကြမ်းတွေအတွက် ဘယ်လိုဝါးအမျိုးအစားတွေကိုစုဆောင်းရပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ဝါးခမောက်အတွက် ကုန်ကြမ်းတွေကိုတော့ ကျေးရွာကထွက်တဲ့ ဝါးပိုးဝါး၊ ဝါးဖက်နဲ့ နှီးဝါးတွေကို ကြိုတင်စုထားရပါတယ်။ နှီးဝါးကိုတော့ ဝယ်ယူရပါတယ်။ ဝါးရုံရှိတဲ့သူတွေကတော့ ကိုယ့်ခြံထဲကရပြီး မရှိတဲ့သူတွေကျတော့ ဝါးပိုးဝါးတစ်လုံးကို ၁၅၀၀ ကျပ်၊ နှီးဝါးတစ်လုံးကို ၁၀၀၀ ကျပ်နဲ့ ဝယ်ယူစုဆောင်းရပါတယ်။

**မေး ။ ။ ကျေးရွာနေ ပြည်သူအများစုက ဝါးခမောက်လုပ်ငန်းကို အများဆုံးလုပ်ကိုင်တယ်လို့ သိရပါတယ်။ ရွာမှာဘယ်နှဦးလောက် ဝါးခမောက်လုပ်ငန်းလုပ်ကိုင်ကြပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ နမ့်မော်လေကျေးရွာမှာ အိမ်ခြေ ၇၇ လုံးရှိပြီး အိမ်ခြေ ၃၀ လောက်က မိသားစုအပိုဝင်ငွေရရှိရေးအတွက် ဝါးခမောက်လုပ်ငန်းလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေတာကတော့ ငါးအိမ်ရှိပါတယ်။

**မေး ။ ။ ရှမ်းရိုးရာ ဝါးခမောက်အမျိုးအစားကို ဘယ်နှမျိုးလောက်လုပ်ဖြစ်ပါသလဲ။**

ဖြေ ။ ။ ဝါးခမောက် အမျိုးအစားကိုတော့ အမျိုးသမီးဆောင်း၊ အမျိုးသားဆောင်းဆိုပြီး နှစ်မျိုးပြုလုပ်ပေမယ့် ဒီဇိုင်းပိုင်းအနေနဲ့ကတော့ ရှစ်မျိုးလောက် ပြုလုပ်ဖြစ်ပါတယ်။ ဘော်ကြယ်၊ ပန်းပွင့်၊ ဆေးရောင်တွေနဲ့ အလှဆင်ထားတာမျိုးတွေပါပါတယ်။

**မေး ။ ။ ဝါးခမောက် အမျိုးအစားအလိုက် ရောင်းရတဲ့ဈေးကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ ဝါးခမောက်အမျိုးအစားအလိုက်ရောင်းဈေး(သွင်းဈေးကတော့) ငွေကျပ် ၇၀၀ ကနေ ၇၀၀၀ ကျပ်အထိရှိပါတယ်။ မိသားစုသုံးဦး တစ်နေ့လုပ်မယ်ဆိုရင် ၇၀၀၀ ကျပ်တန် သုံးလုံးတော့ ပြီးပါတယ်။

**မေး ။ ။ ဝါးခမောက်ပြုလုပ်ခြင်းနဲ့ အသက်မွေးဝမ်းကျောင်း တစ်ခုတည်းကိုပဲ ဆောင်ရွက်နေတာလား။**

ဖြေ ။ ။ ကျွန်တော်တို့ရွာမှာတော့ များသောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ မိသားစုစားဝတ်နေရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်နေပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ရင်း အားလပ်ချိန်မှာ မနားဘဲ အချိန်ရရင်ရသလို ဝါးခမောက်ကို သူ့အပိုင်းအလိုက် ပြီးသလောက်လုပ်တာပါ။

**မေး ။ ။ ဝါးခမောက်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းဆောင်ရွက်နေသူတွေက စားဝတ်နေရေး အဆင်ပြေဖို့အတွက် ဘယ်လိုတွေလုပ်ကိုင်နေရပါသလဲ။**

ဖြေ ။ ။ ဥပမာတစ်ခုအနေနဲ့ ငွေကျပ် ငါးသိန်းကို တစ်နှစ်ပတ်လုံး မိသားစုစားဝတ်နေရေးအတွက် အဆင်မပြေနိုင်ပါဘူး။ ဒီငွေကို ဝါးခမောက်လုပ်ကိုင်ဖို့အတွက် ရင်းနှီးထားမယ်ဆိုရင်တော့ ကျွန်တော်တို့ တစ်နှစ်ပတ်လုံးလည်ပတ်ရင်း စားဝတ်နေရေးအတွက် အဆင်ပြေတယ်၊ လုံလောက်ပါတယ်။





**မေး ။ ။ ဒီဝါးခမောက်လုပ်ငန်းက မိရိုးဖလာလုပ်ကိုင်ဆောင်ရွက်လာတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် လက်ဆင့်ကမ်း ဆက်လက်လုပ်ဆောင်ဖို့ကို ဘယ်လိုအစီအစဉ်ထားရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့က မိသားစုအလိုက် ဒီလုပ်ငန်းတွေကို လုပ်ကိုင်လာတဲ့အတွက် ကျွန်တော်တို့ရဲ့ သားသမီးတွေကလည်း ကျောင်းအားလပ်ရက်တွေမှာ မိဘတွေလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ပေးနေတာကြောင့် အစအဆုံး သိနေပြီးသားဖြစ်တဲ့သူတို့တွေအနေနဲ့ ဆက်လက်လုပ်ကိုင်ဖို့နဲ့ မိဘတွေလက်ထက်ကထက်ပိုပြီး ဆန်းသစ်တီထွင် ဖန်တီးလုပ်ဆောင်သွားဖို့တော့ လိုအပ်ပါတယ်။

**မေး ။ ။ ဝါးကနေ ခမောက်အနားကွင်းလေးတွေဖြစ်အောင် လုပ်ဆောင်ရပုံလေးကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့ ခမောက်အနားကွင်းလေးတွေဖြစ်အောင် အရင်ဆုံး ဝါးပိုးဝါးနဲ့ နှီးဝါး (ဒေသအခေါ်) ဝါးနှစ်မျိုးကို စတင်ခုတ်ယူရပါတယ်။ ဝါးခုတ်တဲ့အချိန်မှာပဲ ဝါးကတ်တွေကိုပါ တစ်ချိန်တည်း စုဆောင်းရပါတယ်။ ဝါးရပြီဆိုရင် သုံးရက်လောက်ကြာတဲ့အချိန်မှာ အချောင်းလေးတွေစိတ်ပြီး ကိုယ်ပြုလုပ်မယ့် ခမောက်အရွယ်အစားအလိုက် အကြီး/အငယ်ခွေပါတယ်။ ခွေပြီး ဝါးကွင်းလေးတွေကိုတော့ ချုပ်ပြီး သူ့ပုံစံကျအောင် ရေအေးတဲ့နေရာမှာ ၁၅ ရက်ကနေ ရက် ၂၀ စိမ်ထားပြီး နှစ်လလောက်ကြာအောင် နေလှန်းထားရပါတယ်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ဖို့နဲ့ ပိုးမတက်အောင် ပူနွေးတဲ့နေရာမှာ စနစ်တကျ သိမ်းထားရပါတယ်။

**မေး ။ ။ ရိုးရာဝါးခမောက် ပြုလုပ်တဲ့နေရာမှာ အသုံးပြုရတဲ့ပစ္စည်းလေးတွေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ဝါး၊ နှီးဝါး၊ ဝါးကတ်၊ ဓား၊ ဝါးညှပ်၊ အပ်၊ အပ်ချည်၊ ပျားဖယောင်း၊ သိုးမွေးချည်၊ ကတ်ကြေးနဲ့ အလှဆင်ပစ္စည်းအဖြစ် ဘော်ကြယ်တွေ၊ အရောင်တင်ဆေးတွေ လိုအပ်ပါတယ်။

**မေး ။ ။ ခမောက်ပြုလုပ်ပုံလေးကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ ခမောက်ကို သူ့ပုံစံအရွယ်အစားလိုက်ပြီးတော့ ဝါးကတ်တစ်ခုနဲ့တစ်ခု စပ်ပြီး ညှပ်တံနဲ့ ညှပ်ထားရပါတယ်။ အရွယ်အစားတိုင်းပြီး ကတ်ကြေးနဲ့ညှပ်ပြီးရင် ချုပ်ယူရပါတယ်၊ ပြီးရင် အနားကွပ်တွေ ထည့်ရပါတယ်။ အနားကွပ်ဖို့ ဝါးကွင်းတစ်စုံကိုအသုံးပြုရပြီး အပေါ်ဝါးကွင်းကတော့အထူ၊ အောက်ဝါးကွင်းကတော့ အပါးနဲ့ပါ။ ပြီးရင်ပူးကပ်သွားအောင် အပ်/အပ်ချည်နဲ့ ချုပ်ယူရပါတယ်။ ခမောက်ခေါင်အုပ်ကိုလည်း အသင့်ပြုလုပ်ပြီး ဒီအတိုင်းပဲချုပ်ရပါတယ်။ အဲဒါဆို ခမောက်အကြမ်းထည်ပြီးသွားပြီ။ ဒီမှာတော့ အကြမ်းထည်အတိုင်းပဲ ဈေးကွက်ကိုပို့တာများပါတယ်။

**မေး ။ ။ အသင့်ပြုလုပ်ပြီး ဝါးခမောက်တွေကို ဈေးကွက်အနေနဲ့ ဘယ်မြို့တွေကို ပို့ဆောင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ဝါးခမောက်တွေကို အမျိုးအစားအလိုက် ၁၀ ချပ်တွဲ၊ ၂၅ ချပ်တွဲ၊ အချပ် ၅၀ တွဲ တွဲပြီး ဈေးကွက်တင်ရောင်းချပါတယ်။ ဒီရွာမှာလည်း ဝယ်ယူတဲ့ဒိုင်ရှိပါတယ်။ ကျွန်တော်တို့ အများဆုံးပို့ဆောင်နေတာ မြို့တော်တော်များပါတယ်။ ကာလိ၊ ကွန်ဟိန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ လင်းခေး၊ မိုင်းပန်၊ ကလော၊ အောင်ပန်း စတဲ့မြို့တွေအထိ ဖြန့်ပါတယ်။

**မေး ။ ။ ရိုးရာဝါးခမောက်လုပ်ငန်းနဲ့ ပတ်သက်ပြီး စကားလက်ဆောင်လေး ပြောကြားပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ ဒေသထွက်သဘာဝပစ္စည်း ရိုးရာဝါးလက်မှုပညာနဲ့ ပုံဖော်ထားတဲ့ ဝါးခမောက်လေးတွေက ပေါ့ပါးပြီး နေဒဏ်/ မိုးဒဏ်တွေကို ကာကွယ်ပေးနိုင်တဲ့အတွက် ပြည်တွင်းလက်မှုပစ္စည်းတွေကို အားပေးစေချင်ပါတယ်။

ရှမ်းရိုးရာ ဝါးခမောက်အကြမ်းကို လယ်ထဲ၊ တောထဲသွားသည့်အခါတွင် ဆောင်းသွားလေ့ရှိပြီး ဝါးခမောက်အချောအလှများကို ဘုရားကျောင်းကန်၊ ပွဲလမ်းသဘင်များသွားသည့်အခါများတွင် အများဆုံး အသုံးပြုလေ့ရှိကြောင်း တင်ပြအပ်ပါသည်။ ။



မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 9 All about me
### Lesson 1: My interests

Read the following dialogue and fill in the blanks with the suitable words given below.

| | | | |
|---|---|---|---|
| cute | like | animal | interested |
| in | keep | What | and | from |
| too | | | |

Mi Nge: Hello Good morning. I'm ____ (1)______ Grade 5.

Saw Htoo: Hi Good morning. I'm in Grade 5, ____(2)__ , and I'm From Section B.

Mi Nge: Oh! I'm ____(3)____ Section A. What are you interested in?

Saw Htoo: I'm ____(4)______ in playing football and swimming. What about you?

Mi Nge: I'm interested in playing table tennis ___(5)_______ cycling.

Saw Htoo: Really? What's your favourite ____(6)_____?

Mi Nge: I like rabbits. ____(7)___about you?

Saw Htoo: I ____(8)_____ cats and dogs.

Mi Nge: Do you ____(9)_____ them in your house?

Saw Htoo: Yes, I have two cats and one dog. They are very ___(10)______.

**Writing**

**(A)Fill in the blanks with a suitable word form.**

1. I am (interest) ________ in reading.
2. What is your (bear) ________ ?
3. She is my (love) _______ daughter.
4. My neighbours are very (Friend) _______ and helpful.
5. Chit San Maung is a famous (guitar) ________.

**(B) Supply the correct form of the verb given the brackets.**

(1) (write) Don't make a noise. She ________ a letter.

(2) (do) He ______ his homework before going to bed last night.

(3) (read) Father always ________ the newspaper.

(4) (sing) Can you _______ and dance?

(5) (tell) My mother _______ me a story every night.

******************

Ans:

Unit 9 All about me

Lesson 1: My interests

1. in 2. too 3. from 4. interested 5. And 6. animal 7. What 8. like 9. keep 10. Cute

Writing

(A).1. interested; 2. birthday; 3. lovely; 4. friendly; 5. guitarist;

(B)1. writes; 2. did; 3. reads; 4. sing; 5. tells;

**************

## Grade 6

### Unit 5
### Lesson 4 : Filling in a form

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. U Kyaw is his father's n_____________.
2. How many s____________s do you have?
3. There are five m______________s in my family.
4. My mother is a good h_______________.
5. My dog's p______ name is "Gote Kyar".

**II. Supply the correct form of the verbs given in brackets.**

1.(be) Where ___________ your brother from?
2. (be) They __________ my friends soon.
3. (bear) Zue Zue ____________ in Pyinmana.
4. (have) I ____________ one brother and two sisters.
5. (get) I always ____________ high marks in English.
6. (build) Engineer U Ba ____________ our school building two years ago.

**III. Answer the questions.**

1. What is your name?

_________________________________.

2. What is your date of birth?

_________________________________.

3. How old are you?

_________________________________.

4. What is your nationality?

_________________________________.

5. What grade are you in?

_________________________________.

**IV. Put the words in the correct order to make questions.**

1. is/ where/ he/ from/ ?/
2. old/ are/ how/ they/ ? /
3. book/ whose/ this/ ? / is/
4. your/ birthday/ ?/ is/ when/
5.is/ what day/ today/ ?/ it/

**V. Write a paragraph about your friend, using the information from him/ her.**

My friend

______________________________

______________________________

______________________________

________________________

***************************

Ans:

Unit 5

Lesson 4: Filling in a form

I. 1. name; 2. siblings; 3. members; 4. housewife; 5. pet;

II. 1. is; 2. will be; 3. was born; 4. have; 5. get; 6. built;

III. 1. 1. My name is Kyaw Kyaw. 2. My date of birth is 14th September, 2007. 3. I am 12 years old. 4. I am Myanmar. 5. I am in Grade 6.

IV. 1. Where is he from? 2. How old are they? 3. Whose book is it? 4. When is your birthday? 5. What day is it today?

V. My friend

My friend's name is Ko Min. His date of birth is 12th June, 2007. He is 12 years old. He is Myanmar. He is in Grade 6. He is in Section A. His father's name is U Zaw. He is a good lawer. He lives in Yangon. His telephone number is 0912356.

***************

## Grade 7

### Unit 5
### Lesson: 3 Which sports and games do you prefer, indoor or outdoor?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. J______ is a martial art that originated in Japan.
2. C_______ is a strategy board game played on a checkered board.
3. The FIFA W______ Cup is a famous soccer tournament held every four years.
4. English is an i________ language.
5. The doctor is a p_______ at taking care of sick people and making them feel better.

**II. Supply the correct form of the words given in brackets.**

1. (football) My cousin is a talented ______; he loves playing soccer.
2. (associate) The school has an art _______ where students can join and create art together.
3. (compete) He came first in the essay _____________.
4. (compete) The soccer match had strong ________ from different teams.
5. (nation) The _________ flag has the colors and symbols that represent our country.

**III. Supply the correct form of the verbs given in brackets.**

1. (reduce) We should ______ the amount of candy we eat to keep our teeth healthy.
2. (lose) We _______ the football game last night.
3. (have) I usually ______ orange juice.
4. (win) Who _______ the yesterday's match?
5. (meet) We _______ each other before.

**IV. Rearrange the letters to make words. The first letters are given.**

1. i–g–l–n–c–c–y c______________
2. l–a–o–b–o–t–f–l f______________
3. m–i–m–w–n–i–s–g–n s______________
4. o–d–u–j j______________
5. l–o–f–g g______________

*******************

Ans:

Unit 5

Lesson: 3 Which sports and games do you prefer, indoor or outdoor?

I. 1. Judo; 2. Chess; 3. World; 4. international; 5. professional;

II. 1. footballer; 2. association; 3. competition; 4. competitors; 5. national;

III. 1. reduce; 2. lost; 3. have; 4. won; 5. have met;

IV. 1. cycling; 2. football; 3. swimming; 4. judo; 5. golf;

****************

## Grade 8

### Unit 5
### Lesson 4: Let's try these experiments!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We did a fun science e________ with water and colors.
2. When you get a small cut, you can clean it with a s_______ solution.
3. She dabbed i_____________ on the cuts on her forehead.
4. Mom uses s______ to season the soup and make it yummy.
5. He filled the b____________ with milk.

**II. Supply the correct form of the words given in brackets.**

1. (contain) Mom keeps cookies in a metal _____ to keep them fresh.
2. (chemistry) The scientist mixed two _______ together to create a colorful reaction.
3. (mix) Seawater is a ___________ of various salt and water.
4. (stir) A magnetic __________ is a device used in laboratories and consists of a rotating magnet.
5. (attach) I drew a picture for my friend and sent it as an _______ in an email.

**III. Supply the correct form of the verbs given in brackets.**

1. (attach) No blame ________ to you in this affair.
2. (push) The wind ______ the leaves off the tree.
3. (just, clean) I ________ my bedroom when they arrive.
4. (wash) I always _________ my hands before eating.
5. (connect) I _______ the puzzle pieces to complete the picture now.

***********************

Ans:

Unit 5

Lesson 4: Let's try these experiments!

I. 1. experiments; 2. saline; 3. iodine; 4. salt; 5. bottle;

II. 1. container; 2. chemicals; 3. mixture; 4. stirrer; 5. attachment;

III. 1. attaches; 2. pushed; 3. have just cleaned; 4. wash; 5. am connecting;

***********************

## Grade 9

### Unit 6 Lesson 1 : Guess what!

I. Complete the sentences with the given words.

| | |
|---|---|
| Eye care centre | convenience store |
| petrol station | examination hall |

1. We entered the _____ quietly and sat at our assigned desks to begin the test.
2. We stopped by the _____ to grab some chips and drinks for our movie night.
3. My mom took me to the ________ to make sure my eyes are healthy and to get a new pair of glasses.
4. Dad stopped at the _____ to get gasoline for our car.

II. Complete the following sentences with the correct tense of the verbs in the box.

| | | | | |
|---|---|---|---|---|
| wait | bump | fuel | step | refuse |
| be | have | take | think | make |

1. The little boy _____ to go to bed early because he wanted to play more.
2. I _____ for you outside the school after the classes are over.
3. The little boy accidentally _____ into his sister while playing.
4. The airplane _____ with jet fuel before it takes off for its journey.
5. Be careful as you _____ down from the bus.
6. She _____ a bank manager for ten years.
7. They _____ a big dog that loves to play in the garden.
8. She _____ the movie was exciting and fun to watch.
9. I like to _____ drawings with colorful crayons.
10. I _____ my umbrella with me if it's raining outside.

III. Complete the dialogues with the given words.

Dialogue (1)

| | | |
|---|---|---|
| understanding | careful | towel |
| get | wet | spilled |

Noe Noe: Hey, Toe Toe! I accidentally ___(1)___ juice on my notebook.
Toe Toe: Oh no! Are you okay, Noe Noe?
Noe Noe: Yeah, I'm fine, but my notebook got all ___(2)___.
Toe Toe: Don't worry, let's dry it with a ___(3)___.
Noe Noe: Thanks, Toe Toe. I hope it doesn't ___(4)___ damaged.
Toe Toe: It should be okay once it dries. Accidents happen!
Noe Noe: You're right. Thanks for being so ___(5)___.
Toe Toe: No problem, Noe Noe. Just be more ___(6)___ next time!

Dialogue (2)

| | | |
|---|---|---|
| expect | happened | prize |
| amazing | happy | |

Khin Khin: Guess what ___(1)___ to me today, Tin Tin?
Tin Tin: What happened, Khin Khin? Tell me!
Khin Khin: I won a ___(2)___ at the school fair!
Tin Tin: Wow, that's ___(3)___! What was the prize?
Khin Khin: It was a big box of chocolates!
Tin Tin: That's so cool! Did you ___(4)___ to win?
Khin Khin: Not at all! It was a complete surprise!
Tin Tin: Congratulations, Khin Khin! You must be really ___(5)___!

Dialogue (3)

| | | |
|---|---|---|
| when | then | hear |
| late | unfortunate | day |

Ko Ko: Hi, Kyaw Zin. Something ___(1)___ happened today.
Kyaw Zin: Oh no, Ko Ko! What happened?
Ko Ko: I missed the bus this morning and was ___(2)___ for school.
Kyaw Zin: That's tough. What did you do ___(3)___ ?
Ko Ko: I had to walk to school, and I was really tired ___(4)___ I got there.
Kyaw Zin: I'm sorry to ___(5)___ that. Maybe tomorrow will be better.
Ko Ko: Yes, I hope so. It was just an unfortunate ___(6)___ .

IV. Tell the class an event that happened to you suddenly.

Hello! Good morning, everybody. I would like to tell you an event that happened to me suddenly.

______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________

*********************

Ans:
Unit 6
Lesson 1: Guess what!
I. 1. examination hall 2. convenience store 3. eye care center 4. petrol station
II. 1. refused 2. will wait 3. bumped 4. is fueled 5. step 6. has been 7. have 8. thinks 9. make 10. will take
III. Dialogue (1) 1. spilled 2. wet 3. towel 4. get 5. understanding 6. careful
Dialogue (2) 1. happened 2. prize 3. amazing 4. expect 5. happy
Dialogue (3) 1. unfortunate 2. late 3. then 4. when 5. hear 6. day
IV. Hello! Good morning, everybody. I would like to tell you an event that happened to me suddenly. Yesterday, something happened to me suddenly. Do you know what? Guess! That is I found a lost puppy on my way home from school. I was happy to see the cute puppy. I took it home and gave it some food and water. That's all. Thanks for your attention.

*******************

## Grade 12

### Unit 4 EMOTIONAL WELL–BEING

(ယခင်အပတ်မှ အဆက်)

VII (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)

| | | |
|---|---|---|
| my English homework | doing | studying |
| bye | exercise | writing |

Aye Aye: What are you (1)--------?
Mu Mu: I am doing (2) -------- and you?
Aye Aye: I am doing (3) -----------, and (4)-------------- the new vocabulary.
Mu Mu: Ok, see you later!
Aye Aye: Ok, (5)--------------.

VII (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)

| | | |
|---|---|---|
| bad at all | They're cool | it's nothing |
| It's awful! I don't really like | | It's fantastic |
| Don't worry about it! | | |

A: What do you think of this costume?
B: (6) --------------------------the colours.
A: What is the festival like?
B: (7) ---------------------special.
A: How do you like the traditional food?
B: It's not (8) -----------------.
A: What about these colourful scarves?
B: (9) -----------------.
A: I'm really sorry! I forgot to call you last night, Su Su.
B: (10) ---------------------------------.

*****************

Answers:
Unit 4 EMOTIONAL WELL–BEING
VII.(A) 1. doing 2. my English homework 3. exercise 4. studying 5. Bye
(B) 6. It is awful! I don't really like 7. It's nothing 8. bad at all 9. They're cool 10. Don't worry about it!

************

### Unit 5 COLOURS

I.Complete the sentences with the appropriate words. The initial words are given. (10 marks)

1. Wearing warm clothes is a________ with staying cozy during the winter.
2. Having g________ fingers means being good at growing plants and taking care of gardens.
3. A b________ worker is someone who does physical labor, like construction or factory work."
4. A l________ is someone who has political beliefs that focus on social equality and helping those in need.
5. When we play a game, we need to know the rules and r________ so that everyone can play fair.
6. A g________ is a person who sells fresh fruits and vegetables at a store or market.
7. C________ is when we feel scared but still do something brave or face our fears.
8. P________ is the process of making decisions that affect a community or a country.
9. B________ holes are mysterious objects in space that have extremely strong gravitational pull.
10. A t________ person is someone we can rely on and who keeps their promises

***************

II.Choose the appropriate words or phrases to complete the sentence. (10 marks)

(1) I have my breakfast -------- I go to school.
A. after B. before C. when
(2) All wind turbines stop working ---- the wind stops blowing.
A. if B. unless C. or
(3) People like roses -------- they have thorns.
A. because B. so that C. although
(4) Hla Hla does not go to school --------- she has got a cough.
A. because B. so that C. although
(5) -------- you study hard, you will fail the examination.
A. Although B. Unless C. If
(6) They started working early -------- they can finish the work in time.
A. because B. if C. so that
(7) Your clothes are a -------- of your personality.
A. reflect B. reflection C. reflected
(8) The elders are -------- thinkers than younger ones.
A. deeper B. deep C. deepest
(9) The enjoyment of travelling is beyond --------.
A. describe B. descriptive C. description
(10) Her acting in films has grown in -------- recently.
A. popular B. popularity C. popularize

******************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။



○ ကျောဖုံးမှ

ပေါက်ခွက်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ပြင်ဘုကြီး(၂) ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဓိက ဒီရေတောသစ်မျိုးများ ဖြစ်သော ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ဗြူးရွှေဝါ၊ သမဲ့ကြီး၊ ကျန၊ ပင်လယ်အုန်း စသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘာ၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်းဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ အင်းကျား၊ ကျားပြောက်၊ တောကြောင်၊ မျောက်တံငါ၊ ဖွတ်၊ ဖျံ၊ မြွေစသည့်တိရစ္ဆာန်များနှင့် သစ်တောက်ငှက်၊ သိမ်း၊ စင်ရော်၊ ကြက်တူရွေး၊ ပျံလွှား၊ ဒီးဒုတ် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များ စသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

❖ မုန်တိုင်းငယ်မှ

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၁ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၉၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ပြီး အောက်တိုဘာ ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ဥတုရာသီ တောကိုမှီ၏

# မြို့နယ်အချို့၌ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ငါးကဏ္ဍအပေါ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ပွင့်ဖြူမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥပြောင်းလဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ်သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ အောက်တိုဘာ ၁၉ ရက်က လည်းကောင်း။

မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေးဟောပြောပွဲလှုပ်ရှားမှု ရက်သတ္တပတ်




အနေဖြင့် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် ရေပူ/မွေးဇုန် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ) ကော်မတီဝင်များ၊ အသင်းဝင်များ၊ မြဝတီမြို့နယ် ငါးမွေးမြူတောင်သူများနှင့်တွေ့ဆုံ၍ မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ လည်းကောင်း။

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ငါးမွေးမြူသူများအား အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဟားခါးမြို့ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ လည်းကောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟိုပုံးမြို့နယ်ရှိ ငါးမွေးတောင်သူများအား အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲကို တွံတီးကျေးရွာရှိ ဘုန်းကြီးကျောင်း၌ လည်းကောင်း ကျင်းပခဲ့သည်။

အလားတူ ကရင်ပြည်နယ် ဘားအံမြို့၊ ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်နှင့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တို့၌ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်




ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုပညာပေးဟောပြောပွဲတွင် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် အပူချိန်မြင့်မားသည့်ကာလများဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ ကြုံတွေ့ရမည့် အခြေအနေများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ အယ်လ်နီညိုဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် ငါးမွေးမြူ တောင်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ (၂၄)ကြိမ်မြောက်မှ

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် MICC –II ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD Channel၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MITV၊ MWD–HD Channel၊ MWD Variety HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ **သတင်းစဉ်**

# ကွန်ဟိန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ စစ်ဆေး

**ကွန်ဟိန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ဝမ်လောကျေးရွာအုပ်စု နားမွန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက နားမွန်းကျေးရွာတွင် အရှည်ပေ ၂၄၀၀ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၃၄ အိမ်၊လူဦးရေ ၁၆၄ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

❑

## ဘွန်ဒက်လီဂါပွဲစဉ်ရှစ်ပွဲမှာ သွင်းဂိုးကိုးဂိုးအထိ ဟယ်ရီကိန်း သွင်းယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ ဘိုင်ယန်မြူးနစ်

အောက်တိုဘာ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၈)မှာ ဘိုင်ယန်မြူးနစ်အသင်းဟာ မိန့်ဇ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ ကင်စလေကိုးမန်းကတစ်ဂိုး၊ ၁၆ မိနစ်မှာ ဟယ်ရီကိန်းက တစ်ဂိုးနဲ့ ဒုတိယပိုင်း ပွဲကစားချိန် ၅၉ မိနစ်မှာ ဂိုရက်ဇ်ကာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး မိန့်ဇ်အသင်းအတွက် ချေပဂိုးကိုတော့ ၄၃ မိနစ်မှာ အန်တိုနီကာဆီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယသွင်းဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်အသင်းကို ရောက်ရှိလာခဲ့ပြီးနောက် ဘွန်ဒက်လီဂါပွဲစဉ်ရှစ်ပွဲမှာ သွင်းဂိုးကိုးဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ မိန့်ဇ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၂၀ နဲ့အတူ အမှတ်ပေးဇယားအဆင့် (၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ အခြားသောပွဲစဉ်တွေမှာတော့ စတုဂတ်အသင်းက ယူနီယံဘာလင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဖရိုင်းဘတ်အသင်းက ဘိုချွမ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လိုက်ပ်ဇစ်အသင်းက ဒမ်စ်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖရန့်ဖက်အသင်းက ဟော့ဖန်ဟိမ်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ လေဗာကူဆင်အသင်းက ဝုလ်စ်ဘတ်အသင်းကို နှစ်ဂိုး-တစ်ဂိုး စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။





## ၂၀၂၃ ခုနှစ် ဘလွန်းဒီအောဆုကို ဟာလန်းရသင့်ဟု ဂွါဒီယိုလာ ပြောကြား

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ၂၀၂၃ ခုနှစ်ရဲ့ ဘလွန်းဒီအောဆုကို တိုက်စစ်မှူး ဟာလန်းရသင့်တယ်လို့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက သူ့ရဲ့ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလာပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွင်း ပွဲစဉ်စုစုပေါင်း ၅၃ ပွဲမှာ သွင်းဂိုး ၅၂ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းကို တစ်ရာသီအတွင်း သမိုင်းဝင်ဆုဖလားသုံးလုံးကို ရယူပေးနိုင်ခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။

နော်ဝေကြယ်ပွင့် ဟာလန်းဟာ အောက်တိုဘာ ၃၀ ရက်မှာ ပေးအပ်ချီးမြှင့်မယ့် ဘလွန်းဒီအောဆုအတွက် အမည်စာရင်းဖော်ပြခံရတဲ့ ကစားသမား ၃၀ ထဲမှာ တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။ အင်တာမီယာမီတိုက်စစ်မှူး မက်ဆီဟာ ဘလွန်းဒီအောဆုကို ရယူဆွတ်ခူးနိုင်မယ်လို့ ထင်ကြေးပေးခံထားရတာကြောင့် ဟာလန်းရဲ့ အဓိကပြိုင်ဘက်လည်းဖြစ်ပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ ဘလွန်းဒီအောဆုကို ခုနစ်ကြိမ်ဆွတ်ခူးထားပြီး အာဂျင်တီးနားအသင်းကို ၂၀၂၂ ခုနှစ်အတွင်းက ကမ္ဘာ့ဖလားရရှိရေး စွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းဟာ ယခုဘောလုံးရာသီအတွင်း ပွဲစဉ် ၁၃ ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၁၀ ဂိုးသွင်းယူထားသူလည်း ဖြစ်ပါတယ်။

## တိုရီနိုအသင်းကို အနိုင်ရပြီး အင်တာမီလန်အသင်း စီးရီးအေအမှတ်ပေးဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့

တိုရီနိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ အောက်တိုဘာ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၉)မှာ အင်တာမီလန်အသင်းက တိုရီနိုအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။


တိုရီနိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်း ပွဲကစားချိန် ၅၉ မိနစ်မှာ တူရမ်ကတစ်ဂိုး၊ ၆၇ မိနစ်မှာ မာတီနက်ဇ်ကတစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၅ မိနစ်မှာ ကယ်ဟာနော့ဂ်လုက ပင်နယ်တီကနေ တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



အခုပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မာတီနက်ဇ်ဟာ ယခုဘောလုံးရာသီအတွင်း ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၁၂ ဂိုးမြောက် သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ တိုရီနိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်ခွင့်ရရှိခဲ့ပေမယ့် အမှတ်ပေးဇယားဒုတိယနေရာက မြို့ခံပြိုင်ဘက်အေစီမီလန်အသင်းအနေနဲ့ ဂျူဗင်တပ်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုပါက အေစီမီလန်အသင်းဟာ ဇယားထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပြီး အေစီမီလန်အသင်းသရေပွဲ ဒါမှမဟုတ် ရှုံးပွဲကြုံတွေ့ခဲ့မယ်ဆိုရင် အင်တာမီလန်အသင်းက ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်။

## မန်စီးတီးအသင်းက ကွင်းလယ်ကစားသမား ကီဗင်ဖီးလစ်ကို အသင်းကနေ ထွက်ခွာခွင့်ပြုမည်



မန်စီးတီးအသင်းဟာ အသက် ၂၇ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ကီဗင်ဖီးလစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုတော့မှာဖြစ်တယ်လို့ အတည်ပြုပြောကြားလိုက်ပြီဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အင်္ဂလန်ကြယ်ပွင့် ကီဗင်ဖီးလစ်ကို အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ နယူးကာဆယ်အသင်း၊ ဝက်စ်ဟမ်းအသင်းနဲ့ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတာလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ကီဗင်ဖီးလစ်ဟာ လာမယ့်နွေရာသီကာလမှာ ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် ယူရိုပြိုင်ပွဲမှာလည်း အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ရွေးချယ်ထားတဲ့ ကစားသမားစာရင်းမှာ ပါဝင်သေးခြင်းမရှိသေးတာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ကီဗင်ဖီးလစ်ကို ဘယ်အသင်းကမှ အမြဲတမ်းစာချုပ်ဖြင့် မခေါ်ယူခဲ့ပါက ရာသီကုန်ချိန်မှာ အငှားစာချုပ်နဲ့ အသင်းကနေ ထွက်ခွာခွင့်ပြုဖို့လည်း စီစဉ်ထားတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ နယူးကာဆယ်အသင်း၊ စပါးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ဟာ ဗလင်စီယာအသင်းမှ အသက် ၂၀ အရွယ်ရှိ စပိန်ကွင်းလယ်ကစားသမား ဂျာဗီဂွါရာအား စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။
- ဆော်ဒီအာရေဗျကလပ် အယ်လ်အီတီဟက်ဒ်အသင်းဟာ မန်ယူအသင်းရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ လင်ဂတ်အား ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- နာပိုလီအသင်းဥက္ကဋ္ဌဖြစ်သူ လော်ရန်တစ်အနေနဲ့ အသက် ၂၄ နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုဆင်ဟန်အား ရောင်းချသွားဖို့ စီစဉ်နေပြီး အိုဆင်ဟန်အား အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့က ခေါ်ယူသွားဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ ကနေဒါဘယ်နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးလ်အား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။



# အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အုတ်တွင်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျစည်းကမ်းဖြင့် အမှိုက်စွန့်ခြင်း၊ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ရှင်းလင်းခြင်းကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၇ နာရီက အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူးဗိုလ်မှူးချုပ်ဇော်မြင့်နှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၅၀ ဖြင့် ပေါင်းမြက် ချုံနွယ်များ၊ သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များအား အမှိုက်ကားဖြင့် စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တပ်ကုန်းဗဟိုသုတေသနခြံ၏ သုတေသနလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က တပ်ကုန်းဗဟိုသုတေသနခြံ၏ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ထုတ်လုပ်မှုဆိုင်ရာသုတေသန၊ အသုံးချနည်းပညာဆိုင်ရာ သုတေသနများ အပါအဝင် တောင်သူများအတွက် တိုက်ရိုက်အကျိုးရှိစေမည့် သုတေသနလုပ်ငန်းများကို ဦးစားပေးအလိုက် တိုးမြှင့်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



တပ်ကုန်း ဗဟိုသုတေသနခြံတွင် ဥဇဘက်ကစ္စတန်မှတင်သွင်းသည့် ချည်မျှင်ရှည်ဝါ မျိုးသစ်များ မျိုးပွားခြင်းကိုဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်မှုအခြေအနေ၊ ချည်မျှင်အရည်အသွေးနှင့် အထွက်နှုန်းများကို လေ့လာလျက်ရှိကြောင်း၊ အလားတူ ဆီထွက်သီးနှံ နေကြာ အထူးစီမံချက်အရ မိဘလိုင်း မျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန် (ဖန်ဟွ) နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ ရွှေမြို့ မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဥဖောက်စက် အဆောက်အအုံ၊ ဥစားဘဲနှင့် အသားစားဘဲ အဆောက်အအုံ၊ နွားရုံ အဆောက်အအုံနှင့် ကြက်၊ ဘဲသားသတ်ရုံများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တပ်ကုန်း-ရွှေမြို့ မွေးမြူရေးဇုန် ရိုးချောင်းပေါ်တွင် အလျားပေ ၃၃၀၊ အမြင့် ၃၆ ပေရှိ လှိုင်ပိတ်ဆည် တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်၊ လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကို အလေးထားဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးသုတေသနဦးစီးဌာန၊ ရွှေမြို့ မွေးမြူရေးဇုန် သုတေသနစခန်းအတွင်း ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းကြက် အစာသိုလှောင်ရုံနှင့် နွားခြံများတည်ဆောက်နေမှုနှင့် အောင်ချမ်းသာ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိပြီး သရုပ်ပြမွေးမြူရေးခြံများဌာန၏ သင်ကြားမှု အထောက်ကူပြု နို့စားနွား၊ အသားတိုးဝက်၊ အသားစားကြက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား အထူးပြုဘာသာရပ်အလိုက် မွေးမြူရေးပညာ ထူးချွန်သူများ မွေးထုတ်ပေးနိုင်ရေး၊ ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် ဆွေးနွေးဖလှယ်ပွဲများ၊ ဟောပြောပွဲများ ကျင်းပပြီး လွတ်လွတ်လပ်လပ် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Junior Golf Myanmar (JGM) ၁၀ နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တို့ပူးပေါင်း၍ Junior Golf Myanmar (JGM)၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် ဆုများချီးမြှင့်ရာ ဦးစွာ အောက်တိုဘာ ၁၅ရက် ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း) ကျင်းနံပါတ်(၁၁)တွင် Hole In One ရရှိခဲ့သော ဆုနှင်းဖြူအား Junior Golf Myanmar အဖွဲ့ဝင် ဒေါ်လွင်လွင်အောင်က ဆုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ဇာနည်ဝင်း(ငြိမ်း)က အသက် ၁၂ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကြိုးစားယှဉ်ပြိုင်ခဲ့သော ကြယ်မင်းဥဇာနှင့် ငွေဘုန်းသိခ်တို့ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ပဉ္စမဆုရရှိသော နိုင်ဦးကို၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် စတုတ္ထဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် တတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Professional ကစားသမား ယဉ်မေမျိုးက အသက် ၁၈ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် ပဉ္စမဆုရရှိသော အေးစုအောင်၊ စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် စတုတ္ထဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် တတိယဆုရရှိသော ဆုလာဘ်အောင်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ချိုသာအောင်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။




ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ပဉ္စမဆုရရှိသော ကောင်းမြတ်ဟိန်း၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် စတုတ္ထဆုရရှိသော ခန့်ဘုန်းလျှံ၊ စုစုပေါင်းရိုက်ချက် ၁၇၅ ချက်ဖြင့် တတိယဆုရရှိသော ဘုန်းသစ်တိုး၊ စုစုပေါင်းရိုက်ချက် ၁၇၅ ချက်ဖြင့် ဒုတိယဆုရရှိသော လုံမျိုးစံ၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ပထမဆုရရှိသော ကောင်းဆက်ဝန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ Professional ကစားသမား ဟိန်းစည်သူက အသက် ၁၈ နှစ်အောက်အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် ပဉ္စမဆုရရှိသော မြတ်မင်းခန့်၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် စတုတ္ထဆုရရှိသော ကောင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယဆုရရှိသော အောင်ဗိုလ်ကောင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်မင်းခန့်၊ စုစုပေါင်းရိုက်ချက် ၁၅၀ ချက်ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Junior Golf Myanmar (JGM)၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ပံ့ပိုးကူညီပေးကြသူများအား မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်သည့် ဦးအောင်မြင့်ဦးနှင့် ဒေါက်တာမြင့်ဦး၊ Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကိုကိုချစ်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးလှမြင့်ရွှေတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MGF**

# ရန်ကုန်အသင်း သရေကျခဲ့သဖြင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် ခြောက်မှတ်အထိ ကွာဟ

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) တတိယနေ့ကို အောက်တိုဘာ ၂၂ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်အသင်း သရေကျခဲ့ပြီး အား/ကာသိပ္ပံအသင်း နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း ဂိုးမရှိသရေကျခဲ့သည်။ ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းအတွက် နစ်နာသည့်ပွဲဖြစ်ပြီး သရေကျခဲ့သဖြင့် ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ခြောက်မှတ်အထိ ကွာဟသွားခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားဂိုးသမား ဇင်ညီညီအောင်က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၃၈ မှတ်၊ ဒဂုံစတားအသင်းက ၁၉ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ကချင်ယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် ဂိုးများကို ၁၁၊ ၅၉ မိနစ်တွင် သူရိန်ထွန်း၊ ၂၃ မိနစ်တွင် ခိုင်ရဲဝင်းနှင့် ၃၉ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူပြီး ကချင်ယူနိုက်တက်အတွက် ချေပဂိုးများကို ၃၇၊ ၆၂ မိနစ်တွင် ပင်နယ်တီများမှတစ်ဆင့် ညီညီက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၄ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်ရရှိထားသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အား/ကာသိပ္ပံအသင်းမှ သူရိန်ထွန်းက ရရှိခဲ့သည်။

ပွဲစဉ် (၁၇) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၈-၁၀-၂၀၂၃ ရက်မှအဆက်

ယခုတော့မူ ရင်းထောင်လဲသွားပေမင့်လည်း မွဲမသွားကြတော့ပေ။ ကလန္ဒြေရရ နေနိုင်လာခဲ့ကြလေပြီ။

တကယ်တော့မူ ကိုအေးဆွေသည် စုပေါင်းလုပ်ငန်း လုပ်မည်ဆိုကတည်းက ဤအချက်ကို သိမြင်ထား၏။ ထန်းတက်ခြင်းလုပ်ငန်းတစ်ခုကိုသာ အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုနေကြသူ ထန်းသမားများသည် ရာသီအခါ ထန်းများပြတ်သွားသော တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများသို့ ရောက်လာပြီဆိုလျှင် စားဝတ်နေရေး၊ လူမှုရေးပါမကျန် ကျပ်တည်းလာစမြဲဖြစ်သည်။ “အပွက်ထန်း” “အတီထန်း” ကလေးများဖြင့်သာ သူတို့ဘဝကို ရပ်တည်လာခဲ့ရသည်။ ထိုအခါ မလုံလောက်သော ထန်းသမားခများသည် ငွေရှင်ကြေးရှင်ဖြစ်သော ထန်းပိုင်ရှင်များထံသို့ ထန်းလျက်ပေါ်ပေးစနစ်ဖြင့် စပါးပင်ထောင် အရောင်းအဝယ်ကဲ့သို့ အတိုးကြီးစွာထား၍ အနိမ့်ကျဆုံး စျေးသတ်မှတ်ကာ ချေးငှားကြရသည်။

တစ်ဖန် စားဝတ်နေရေးတွင်မှ မပြေလည်နိုင်ရှာသော ထန်းသမားခများသည် တပို့တွဲလဆန်း၍ ထန်းလုပ်ငန်းခွင်သို့ ဝင်တော့မည်ဆိုလျှင်လည်း ထန်းလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းကိရိယာဖိုးနှင့် ရင်ဆိုင်ရပြန်၏။ ထိုအခါ ထန်းပိုင်ရှင်တို့ထံမှပင် ပထမစားကြွေးသောက်ကြွေးမကျေမီ ထပ်ချေးရငှားရပြန်သည်။ ယင်းသို့ဖြင့် ထန်းတက်သမားများမှာ လုံးလည်လိုက်နေသည်။ အကြွေးသံသရာထဲတွင် နစ်မြုပ်နေသည်။ ဘဝလှေလှော်ရင်း နစ်နေကြသည်။ ယခင်က ပိုင်ဆိုင်ခဲ့သော ကိုယ်ပိုင်တက်နေသည့် ထန်းတောလေးများသည် ဤသို့ဖြင့် တဖြည်းဖြည်း ခရုဆံကျွတ်၊ ငှက်မွေးအတောင်ကျွတ်ကဲ့သို့ ထန်းပြုတ်၊ ယာပြုတ်၊ လှည်းနွားပြုတ်နှင့် လက်လွတ်ဖြစ်ခဲ့ကြရသည်။ ထိုနောက်တော့ မြေကျွန်ယာကျွန်ပမာ ထန်းကျွန်ဖြစ်ခဲ့ကြရသည်။

ယခုတော့မူ သီးသန့်ထားသော စုပေါင်းရန်ပုံငွေမှ ထန်းသမားတို့ လိုအပ်သမျှ ရရှိကြ၏။ ထန်းလုပ်ငန်းခွင်အတွက် လိုအပ်သော ကုန်ထုတ်ကိရိယာပစ္စည်းဖိုးများအတွက်လည်း ထန်းသမားများမှာ မပူပင်ရတော့။ ထန်းပြတ်နေစဉ် ထန်းသမားတို့၏ အဓိကလိုအပ်ချက် အာဟာရဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသော စားကုန်သောက်ကုန်ပစ္စည်းများကို အဖွဲ့ပိုင် စုပေါင်းသမဝါယမဆိုင်မှပင် လုံလောက်အောင် ရရှိကြလေပြီ။

သည်ကဲ့သို့ ထန်းပိုင်ရှင်သည် အရင်းရှင်စီးပွားရေးစနစ်ဖြင့် ထန်းသမားများအပေါ်တွင် ကုန်ပစ္စည်း ထန်းလျက်အပေါ်မှ လည်းကောင်း၊ ငွေကြေးအပေါ်မှ လည်းကောင်း၊ လုပ်အားအပေါ်မှလည်းကောင်း ခေါင်းပုံဖြတ်ခြင်း၊ သွေးစုပ်ခြင်း၊ ခြယ်လှယ်ခြင်း၊ ဖိနှိပ်ခြင်းဖြင့် ကျင့်သုံးနေသော ထန်းပိုင်ရှင် စနစ်ဆိုးကို ဘဝအသိပေးကြောင့် ထန်းသမားများသည် ကောင်းကောင်းကြီး သဘောပေါက် နားလည်လာကြတော့သည်။ ရွံမုန်း၍လည်းလာကြသည်။

တစ်ဖန် ထိုစနစ်ကို ချေမှုန်းဖျက်ဆီး တွန်းလှန်၍ တိုးတက်သော ဝါဒလမ်းစဉ်စနစ်ဖြင့် ကျင့်သုံးသည့် စားဝတ်နေရေး လူမှုရေးပါမကျန် အတတ်နိုင်ဆုံး ပြည့်စုံလုံလောက်အောင် ဖန်တီးပေးသော ဆိုရှယ်လစ်စီးပွားရေးစနစ်၏ လုပ်ရပ်များကိုလည်း ယုံကြည်သက်ဝင်လာကြသည်။ လက်ခံကျင့်သုံးလာကြသည်။ နောက်တော့ ဘဝခံယူချက်ပါ ပြောင်းလဲလာကြတော့သည်။

ထို့ကြောင့်လည်း ထန်းလုပ်သားတို့သည် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အခြေခံဖြစ်သော ဘုံထန်းတော စုပေါင်းလုပ်ငန်းလုပ်ရပ်များကို ယခင်နှစ်များထက်ပို၍ ယုံယုံကြည်ကြည်ဖြင့်တက်တက်ကြွကြွ လုပ်ဆောင်လာကြလေသည်။ ကိုအေးဆွေ၏ ခေါင်းဆောင်မှုနောက်သို့လည်း ယုံကြည်စိတ်ချစွာဖြင့် တလုံးတစည်းတည်း လိုက်ပါလာကြလေသည်။

ဤကဲ့သို့ သူတို့ဘဝ၏ ချောင်လည်မှုကို လက်တွေ့ခံစားရရှိလာသောအခါ ထန်းလုပ်သားတို့သည် ကိုအေးဆွေအား သူတို့ဘဝမြှင့်တင်ပေးသူ၊ ထန်းကျွန်ဘဝမှ လွတ်မြောက်အောင်ဖန်တီးပေးသူဟု လူတန်းစားခေါင်းဆောင်တစ်ယောက်အနေဖြင့် မြင်လာကြသည်။ သူ့အား လူကြီးလူငယ်မရွေး ကြည်ညိုလေးစားလာကြသည်။ ဘုံထန်းတော လုပ်ငန်းအဖွဲ့ဝင် ထန်းလုပ်သားတိုင်းကဆိုလျှင် ကိုအေးဆွေမှ ကိုအေးဆွေ ဖြစ်လာကြတော့သည်။

> ‘ထန်းပိုင်ရှင်သည် အရင်းရှင်စီးပွားရေးစနစ်ဖြင့် ထန်းသမားများအပေါ်တွင် ကုန်ပစ္စည်းထန်းလျက်အပေါ်မှလည်းကောင်း၊ ငွေကြေးအပေါ်မှလည်းကောင်း၊ လုပ်အားအပေါ်မှလည်းကောင်း ခေါင်းပုံဖြတ်ခြင်း၊ သွေးစုပ်ခြင်း၊ ခြယ်လှယ်ခြင်း၊ ဖိနှိပ်ခြင်းဖြင့် ကျင့်သုံးနေသော ထန်းပိုင်ရှင်စနစ်ဆိုးကို ဘဝအသိပေးကြောင့် ထန်းသမားများသည် ကောင်းကောင်းကြီး သဘောပေါက် နားလည်လာကြတော့သည်။ ရွံမုန်း၍လည်း လာကြသည်။ တစ်ဖန် ထိုစနစ်ကို ချေမှုန်းဖျက်ဆီးတွန်းလှန်၍ တိုးတက်သောဝါဒလမ်းစဉ်စနစ်ဖြင့် ကျင့်သုံးသည့် စားဝတ်နေရေး လူမှုရေးပါမကျန် အတတ်နိုင်ဆုံး ပြည့်စုံလုံလောက်အောင် ဖန်တီးပေးသော . . .’

သည်ကဲ့သို့ ကိုအေးဆွေမှ ကိုအေးဆွေ။ ကိုအေးဆွေကြောင့်သာလျှင်၊ မောင်အေးဆွေကြောင့်သာလျှင်၊ အစ်ကိုအေးဆွေကြောင့်သာလျှင်၊ ကိုရင်အေးဆွေကြောင့်သာလျှင် သူတို့ဘဝ မြင့်တက်လာပါသည်၊ ချောင်လည်လာပါသည်ဆိုသော ထန်းလုပ်သားတို့၏ ချီးကျူးစကားကို ကိုအေးဆွေကမူ လက်မခံခဲ့ပေ။

“ဒီလို ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ဘဝတွေ မြင့်တက်လာတာဟာ ချောင်လည်လာတာဟာ ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ ခင်ဗျားတို့ကြောင့်ပါ။ ကျွန်တော်က ဘယ်လိုပဲ ရှေ့ဆောင်ပြီးလုပ်ပေးတယ်ပဲထား၊ ခင်ဗျားတို့က စည်းစည်းလုံးလုံးနဲ့ မလုပ်ရင်၊ စည်းကမ်းအတိုင်း မလိုက်နာရင်၊ တာဝန်ကျတဲ့လုပ်အားကို မထမ်းဆောင်ရင်၊ နောက်ပြီး ကဖျက်ယဖျက်နဲ့ ဖျက်လိုဖျက်ဆီး လုပ်နေရင်၊ ထန်းပိုင်ရှင်ရဲ့ သွေးခွဲမှုကို နားယောင်နေရင်၊ နောက်ပြီး ကျွန်တော်တို့အဖွဲ့ရဲ့ ခေါင်းဆောင်ချက်နောက်ကို ယုံယုံကြည်ကြည်နဲ့မလိုက်ရင် ဒီ ဘုံထန်းတော စုပေါင်းလုပ်ငန်းကြီးဟာ အောင်မြင်ပါ့မလား။

“ဒီလို ခင်ဗျားတို့အဖွဲ့ဝင်တိုင်းက အမှုဆောင်အဖွဲ့ရဲ့ ချမှတ်ထားတဲ့ မူ စည်းကမ်း၊ စနစ်လမ်းစဉ်အတိုင်း လိုလိုလားလား ယုံယုံကြည်ကြည်နဲ့ မခိုမကတ်အားကြိုးမာန်တက်လုပ်ဆောင်နေကြလို့သာ ဒီ ဘုံထန်းတော စုပေါင်းလုပ်ငန်းကြီး အောင်မြင်ပြီး ခင်ဗျားတို့ဘဝတွေ ချောင်လည် ပြည့်စုံလာတာပါ”

ကိုအေးဆွေသည် ဘုံထန်းတောအဖွဲ့ဝင် လုပ်သား လုပ်သမတိုင်းအား စကားစပ်မိတိုင်း အထက်ပါကဲ့သို့ ပြောလေ့ပြောထရှိသည်။ ငါ့ကြောင့်ပါ၊ ကျွန်တော့်ကြောင့်ပါဟူသော အသုံးအနှုန်းမျိုး မည်သည့်အခါမျှ မပြောဆိုပေ။ တစ်ကိုယ်ကောင်းဆန်စွာ ဂုဏ်ယူဝင့်ကြွားလိုသော စိတ်ဆန္ဒမျိုး ကိုအေးဆွေတွင် မရှိပေ။

ယင်းသို့ နှိမ့်ချသော၊ ရိုးသားသော၊ ဖြောင့်မတ်သော ကိုအေးဆွေ၏စိတ်နေစိတ်ထားကြောင့်လည်း ဘုံထန်းတော အဖွဲ့ဝင် လူကြီးလူငယ်တိုင်းက သူ့အား သဘောကျလာသည်။ ကြည်ညိုလာသည်။ ချစ်လာသည်။ ချစ်ကြောက်ရိုသေမှု ဖြစ်လာကြတော့သည်။ ကိုအေးဆွေသာ ရှေ့ကခေါင်းဆောင်သွားလျှင် နောက်က မတွန့်မဆုတ် တလုံးတစည်းတည်း လိုက်ပါမည်ဟု အဖွဲ့ဝင်တိုင်းက ကတိပေးလာကြတော့၏။ ဆိုလာကြတော့၏။

ထို့ကြောင့်လည်း တစ်ကြိမ်သောအခါက ထန်းပိုင်ရှင်တို့၏ သွေးခွဲဖျက်ဆီးမှုကြောင့် နားယောင်ကာ အဖွဲ့ကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့ဖူးသော ကိုဖိုးလုံးနှင့် ဦးဖိုးမှိန်တို့ကဆိုလျှင် သူတို့အမှားကို နောင်တကြီးစွာရလျက် နောက်ဆိုလျှင် ဘဝတူ မိမိတို့လူတန်းစားများအပေါ် ဘယ်တော့မှ သစ္စာမဖောက်တော့ပါ၊ အဖွဲ့ကချမှတ်ထားသော စည်းကမ်းလမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာပါတော့မည်ဟု ပြောဆိုဝန်ခံလာကြတော့သည်။ ထန်းပိုင်ရှင်အလိုကျ သူတို့လုပ်ခဲ့သော မိုက်မှားမှုများကို ဖော်ပြကာ ယူကျုံးမရ ငိုကြွေးခဲ့ရသည်အထိပင် စိတ်ထိခိုက်သွားကြတော့သည်။

ဤသည်ကိုပင် ကိုအေးဆွေနှင့် လူကြီးများက ဖျောင်းဖျနှစ်သိမ့် အားပေးခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ လမ်းကြောင်းမှန်သို့ ဦးတည်ပေးခဲ့ကြရသည်။

ယခုတော့ ထန်းလုပ်သားများသည် သူတို့ဘဝ၏ အတွေ့အကြုံများမှ ဘဝအသိပေးပညာများ ရရှိခဲ့ကြလေပြီ။

ထို့ကြောင့်လည်း ကိုအေးဆွေသည် ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက် (၁၃၂၈ ခုနှစ် နတ်တော်လပြည့်) နေ့က ကျင်းပခဲ့သော စုပေါင်းထန်းလုပ်ငန်း၏ (၄) ကြိမ်မြောက် နှစ်ပတ်လည်နှစ်ချုပ်ရှင်းတမ်း အထွေထွေအစည်းအဝေးပွဲကြီးတွင် တက်ရောက်လာကြသော ထန်းလုပ်သားထုကြီးအား ဤသို့ တင်ပြ၍ တပ်လှန့်နှိုးဆော်ခဲ့လေသည်။

“အခုလို စုပေါင်းထန်းလုပ်ငန်းအဖွဲ့ကြီးရဲ့ (၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးမှာ “ထန်းစု မပေးတော့ပါဘူး” ဆိုတဲ့အကြောင်းကို အလေးအနက် ကြေညာလိုပါတယ်။ ဘာကြောင့် ဒီလိုကြေညာရသလဲဆိုတာကိုတော့ ကျွန်တော်တို့ စုပေါင်းလုပ်ငန်းအဖွဲ့ကြီးမဖွဲ့မီရယ်၊ ဖွဲ့ပြီးနောက် အဖြစ်အပျက် အခြေအနေတွေရယ် ဒါတွေကို ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။

“အရင်က တစ်ဦးချင်းတက်ပြီး တစ်ဦးချင်း ထန်းပိုင်ရှင်နဲ့ ဆက်ဆံလာခဲ့ရတဲ့ ဘဝအခြေအနေနဲ့ အခုလို ဘုံထန်းတောလုပ်ငန်းနဲ့ စုပေါင်းတက်၊ စုပေါင်းလုပ်လို့ ရရှိခံစားလာရတဲ့ ဘဝအခြေအနေနဲ့ ဘယ်လောက်ကွာတယ်၊ ဘယ်လောက်ပြောင်းလဲလာတယ်၊ အကျိုးကျေးဇူး ဘယ်မျှရှိတယ်မရှိဘူး ဆိုတာကို ကျွန်တော် အထူး မတင်ပြလိုတော့ပါ။ ကျွန်တော် အထူးတင်ပြလိုတာကတော့ ခင်ဗျားတို့ဟာ အခုလို စုပေါင်းလုပ်ရုံလောက်ကလေးနဲ့၊ ထန်းပိုင်ရှင်အား ငါးစုတစ်စုပေး၍ ကျေအေးနေရုံမျှကလေးနဲ့ အားရကျေနပ် နှစ်သိမ့်မနေကြနဲ့ဦး။ ကျွန်တော်တို့ ထန်းသမားတွေဟာ တိုက်ပွဲမပြီးဆုံးသေးပါဘူး။

“ဘာ့ကြောင့်ဆိုရင် အခုလို ထန်းပိုင်ရှင်တွေကို ငါးစုတစ်စုပေးနေရတဲ့ မူစနစ်ဟာ အမှန်စင်စစ်ဆိုရင် ခေါင်းပုံဖြတ် လူညွန့်ခူးစားနေတဲ့ ထန်းပိုင်ရှင်တွေကို အလုပ်အကျွေးပြုနေရာ ရောက်ပါတယ်။ တစ်နည်းဆိုရင် အရင်းရှင်စနစ်နဲ့ ကျင့်သုံးနေတဲ့ ထန်းပိုင်ရှင်စနစ်ကို အသက်ဆက်ပေးနေတာနဲ့ တူပါတယ်။ နောက်ပြီး ကျွန်တော်တို့ဘက်ကနေကြည့်ရင်လည်း ကျွန်တော်တို့ရဲ့ ထန်းကျွန်ဘဝကို သက်ဆိုး မရှည်ရှည်အောင် ဖန်တီးပေးနေရာ ရောက်ပါတယ်။

“ဒီတော့ ဒီ ထန်းကျွန်ဘဝက လုံးဝလွတ်မြောက်သွားအောင် ဘာလုပ်ရမလဲ။ သူတို့ကို အပြီးအပိုင် ဗုန်းဗုန်းလဲကျသွားသည့်တိုင်အောင် တော်လှန်ပစ်ရမယ်၊ ချေမှုန်းပစ်ရမယ်၊ သုတ်သင်ရှင်းလင်းပစ်ရမယ်”

ကိုအေးဆွေ၏ ရဲရဲတောက် ဟောပြောချက်ကြောင့် ထန်းလုပ်သားများသည် စိတ်အားတက်ကြွလာကာ လက်ခုပ်တီး၍ ဩဘာပေးလိုက်ကြသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**



# ကျွန်းစုမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်တို့မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သဲချောင်းကျေးရွာမှ ဒေသခံပြည်သူ ၂၅၁ ဦးတို့ကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လက်ဖက်ခင်းကျေးရွာမှ ဒေသခံပြည်သူ ၈၆ ဦးတို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


**ပတ်စ်ပို့ပျောက်**

ကျွန်မ မသူဇာ [၇/ဖမန(နိုင်)၁၉၁၂၄၄]၏ နိုင်ငံကူးလက်မှတ်အမှတ် MB 027991 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**Ph:09-758208787**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးနေလင်းအောင် [၁၂/ဒပန(နိုင်)၀၅၃၂၄၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၆၇၉၀၅**

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အထက ကနောင်၊ Grade 10(A) မှ က.မ. ၃၃၅၃ မခြူးအင်ကြင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းနွဲ့ [၁၄/မအန(နိုင်)၀၂၇၈၅၄] ဖြစ်ပါသည်။ **ဒေါ်စန်းနွဲ့**

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အထက ကနောင်၊ Grade 10(A)မှ က.မ ၃၆၆၂ မောင်ထက်ဝေယံလင်း၏ မိခင်အမည်မှန်မှာ ဒေါ်ရီချို[၁၄/မအန(နိုင်)၁၇၆၂၉၄] ဖြစ်ပါသည်။ **ဒေါ်ရီချို**





**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ**
**တမံသဘော ရေထိန်းတော**

# မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင်၌ ပြုလုပ်သော အဖွဲ့ချုပ်၏ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့စုံညီအစည်းအဝေးမှ သိရသည်။

အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က "လွန်ခဲ့တဲ့လေးနှစ်ကျော်လောက်က ကျွန်တော်တို့ရဲ့အဖွဲ့အစည်းကို နာယက နှစ်ဦး၊ အမှုဆောင် ၁၇ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကာလအတန်ငယ်ကြာလာတာနဲ့အမျှ အကြောင်းအမျိုးမျိုးကြောင့် အမှုဆောင်တွေ လျော့နည်းသွားလို့ အခုလို နာယကတစ်ဦး၊ အမှုဆောင် ၂၆ ဦးပါဝင်တဲ့အဖွဲ့အစည်းအသစ်ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။ မြန်မာ့ရိုးရာခြင်းလုံးအားကစား တိုးတက်မြင့်မားအောင်၊ အရှည်တည်တံ့အောင် လုပ်ဆောင်ရာမှာ တက်ညီလက်ညီဆောင်ရွက်နိုင်တဲ့ အင်အားအများအပြားလိုအပ်တာကြောင့် အခုလိုအသစ်ဖွဲ့စည်းရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် အဖွဲ့ချုပ်နာယက ဦးစိုးတင့်က ရိုးရာခြင်းလုံးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေး**

ဆက်လက်၍ အမှုဆောင်များက ဆွေးနွေးအကြံပြုတင်ပြကြရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ရိုးရာခြင်းလုံးပညာ တည်တံ့၊ တိုးတက်၊ ပြန့်ပွားရေးအတွက် ပုံမှန်ကျင်းပသည့် ပြိုင်ပွဲများ၊ သင်တန်းများကို ပြုလုပ်ပေးနေသည့်အပြင်



အမျိုးသား အားကစားပွဲတွင်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနဆိုင်ရာပြိုင်ပွဲများ ကျင်းပရန် ဆောင်ရွက်နေကြောင်း ယနေ့ ပြုလုပ်သည့် အခမ်းအနားမှ သိရသည်။ **လင်းရာမ**

# သထုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍများအပေါ် သက်ရောက်မှုလျှော့ချနိုင်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**သထုံ အောက်တိုဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်သူများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍများအပေါ်သက်ရောက်မှုလျှော့ချနိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သထုံမြို့ရှိ ပြည်နယ်



ငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးဖမ်းလုပ်ငန်းများတွင် ရေမျက်နှာပြင်အပူချိန်မြင့်မားလာပြီး ရေသတ္တဝါများ၏ အစာကွင်းဆက်ရှားပါးခြင်း၊ ငါးများဒေသရွှေ့ပြောင်းသွားနိုင်ခြင်း၊ ငါးထုတ်လုပ်မှုကျဆင်းလာသည့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍအတွက် အစာကုန်ကြမ်း ရှားပါးနိုင်ခြင်း၊ မွေးကန်အရည်အသွေး ညံ့ဖျင်းလာခြင်း၊ အပူချိန်လွန်ကဲမှုကြောင့် ကန်ရေများ ခန်းခြောက်လာခြင်း၊ ငါးများ၏ စွန့်ထုတ်အညစ်အကြေးနှင့် ကန်ရေပြင်၌ အောက်ဆီဂျင်ပျော်ဝင်မှု နည်းပါးလာခြင်းတို့ကြောင့် အုပ်စုလိုက်သေဆုံးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေး နည်းလမ်းများကို အသိပညာပေးဟောပြောရာ တက်ရောက်လာသူတို့က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ သထုံမြို့နယ်အတွင်းရှိ ငါး၊ ပုစွန်မွေးမြူသူများ၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ကွင်းအမည်(ကျောက်တောင်)အကွက်အမှတ်(၁+၇+၈)၊ ဦးပိုင်အမှတ်(၁၇၃)၊ မြေအမျိုးအစား(မြို့မြေ)၊ အကျယ်အဝန်း(၀.၀၉၆)ဧက ဟုခေါ်တွင်သည့် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အေးချမ်းသာယာ(၃)လမ်း၊ အိမ်အမှတ်(၁၇၃)ရှိ မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ကာ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး လားရှိုးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အမည်ပေါက်ဖြစ်သူ ဦးဟန်ကျော်သီ [၁၃/ကခန(နိုင်)၀၀၃၅၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အေးအေးမော်[၁၃/မနန(နိုင်)၀၀၉၁၁၇]နှင့် ဒေါ်ဝင်းခိုင် [၁၃/လရန(နိုင်)၀၂၈၈၈၁]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I. L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၁၇၃)**
**အမှတ်–၆၂၊ ပထမထပ်၊ အခန်း(၉)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၄၅၄၅၂၂၁၊ ၀၉–၂၅၁၀၂၀၄၁၅**

## ဂရန်ပျောက်ဆုံးကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက်၊ မြေစာရင်းအကွက်အမှတ်(၂–ခ) သီရိဟေမာ၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀.၁၀၀)ဧကရှိ မြေသည် မောင်စန်းသိုက်အမည်ဖြင့် ၂၂၅ V/ ၁၉၃၈–၃၉ ဖြင့် နှစ် (၂၀)ဂရန် ရရှိထားပြီး၊ (၀.၁၀၀)ဧကအနက်မှ ဧရိယာ(၀.၀၃၉)ဧကအား ဒေါ်ခင်ညိမ်းမှ ရယူပိုင်ဆိုင်ခဲ့သော်လည်း မူလဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေပြီး ဦးထွန်းထွန်းအမည်ဖြင့် ဦးပိုင်အမှတ်(၈၀ᵃ)၊ ဧရိယာ(၀.၀၃၉)ဧကအား ဂရန်ဦးပိုင်ခွဲသက်တမ်းတိုးအမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝါးခယ်မမြို့**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်–၃၆၀/၂၊ မြေညီ + ပထမထပ် (မြေညီဟောင်ကောင် ၂ လွှာ) ဟုခေါ်တွင်သော တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်အောင် [၁၂/စခန (နိုင်) ၀၄၃၃၄၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စံပယ် [၁၂/ဗဟန(နိုင်)၀၈၇၈၀၂] က (၂၀–၁၀–၂၀၂၃)ရက်စွဲပါ နေထိုင်ခွင့်နှင့်တကွ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေကသာ စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးသိန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၃၄၀)**
**တိုက်(၂၈)၊ အခန်း(၃၀၆)၊ အောင်ဇေယျာအိမ်ရာ၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၈၀၄၂၂၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၃၁၉/က)၊ မြေကွက်တည်နေရာအမှတ်(၃၁၉/က)၊ အောင်သုခလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးတိုးအောင်[၁၂/အစန(နိုင်)၀၅၇၉၇၈]အမည်ပေါက်၊ ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးစန်းဝင်း[၁၂/လမန(နိုင်)၁၃၀၄၀၁]မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင် အကျဉ်းချုပ်တို့ကိုသာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာ ချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ မြေချပါမစ်(မစုံ)၊ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်–၂၈၇၊ ဦးပိုင်အမှတ်(၄–ခ/၁၃)/၃၄x၃၅ ကြား ၈၉x၉၀လမ်းကြားရှိ ဘိုဘမြေကွက်အမည်ပေါက်သူ ဦးဖန်ရောက်ကွမ်း(ခ)လုံအောင်[၁၃/လရန(နိုင်)၀၈၃၀၅၅]၊ (LSO–၁၄၆၂၂၆)၊ ဒေါ်ဝမ်ဆိုက်ကြူ(ခ)သက်သက်ခိုင်[၁၃/လရန(နိုင်)၀၈၃၀၅၄]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၈၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ရဲသူ [၉/ခအဇ(နိုင်)၀၄၀၄၅၃]က ဘိုဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၃၀)၊ မြေကွက်တည်နေရာအမှတ်(၃၀)၊ ရာဇဝတ်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးထွန်းထွန်း[၁၂/ပဇတ(နိုင်)၀၃၁၄၉၄]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးထွန်းထွန်းသည် ၁၃–၇–၂၀၂၃ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ဆင့်ဆင့်ခင်[၁၂/သဃက(နိုင်)၀၃၀၁၁၈]မှ အမည်ပေါက်၏ တရားဝင်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် RC တစ်ထပ် ၁ လုံးရှိပြီး လူနေထိုင်ခြင်းမရှိဘဲ နေအိမ်သော့ဖွင့်ပြပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဆင့်ဆင့်ခင်မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်**
**သွေးဖြင့်**
**အသက် ကယ်ပါ**

"ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၈၊ လူနေရပ်ကွက်အမှတ်– FMI အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်– ၄၅၊ အလျား ၆၀' × အနံ ၈၀' ရှိ ဒေါ်ဖြိုးဖြိုးဇော်အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– H-117၊ ရွှေသရဖီ (၃) လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော လူနေ R.C(၂) ထပ်တိုက် အဆောက်အဦများ အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်ဖော်ပြပါပစ္စည်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ကျွန်မ ဒေါ်ဖြိုးဖြိုးဇော် [၁၂/ကမရ (နိုင်) ၀၅၇၆၇၉] အမည်ပေါက်သည့်အပြင် အကျိုးခံစားပိုင်ခွင့်ရှိသောပစ္စည်းဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်ပတ်သက်၍ ကျွန်မ ဒေါ်ဖြိုးဖြိုးဇော် [၁၂/ကမရ (နိုင်) ၀၅၇၆၇၉] ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ပါရန်နှင့် ပြုလုပ်ကြောင်း စုံစမ်းသိရှိရပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖြိုးဖြိုးဇော်
[၁၂/ကမရ (နိုင်) ၀၅၇၆၇၉]
တိုက်– ၁၂၊ အခန်း–၂၅ (၄ လွှာ)၊ ပြည်ရိပ်မွန်အိမ်ရာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


## ရာထူးဝင်စာမေးပွဲ ဖြေဆိုမည့်သူများအတွက် မရှိမဖြစ်လက်ကိုင်ထားရမည့် စာအုပ် ထွက်ပြီ




ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူလတ်များ ပညာစွမ်းရည်ပြည့်ဝစေရန်၊ ဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် သိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၃)"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။ စာအုပ်တွင် -

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊
- နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊
- မြန်မာရေးရာသိမှတ်ဖွယ်ရာများ၊
- သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊
- အထွေထွေသိမှတ်ဖွယ်ရာများ၊
- နိုင်ငံ့ဝန်ထမ်း လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊
- ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ရာထူးဝင်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူပြုမည့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားပါသည်။

**အိမ်တိုင်းရှိရမည့် စာအုပ်**
**လူတိုင်းသိရမည့်အချက်များ**
**သတင်းခေတ်၊ ပညာခေတ်မှာ**
**လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်အောင်**
**စုဆောင်းထားသည့်**
**"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ" စာအုပ်။**

- **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း – ၀၆၇ ၃ ၄၁၂၃၇၁၊ ၀၆၇ ၃ ၄၁၂၅၅၃၊ ရန်ကုန်၊ ၀၁ ၈ ၃၈၄၈၀၃၊ ၀၁ ၈ ၃၇၁၃၄၂။**
- **အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။**
- **စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊**


## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်–F၊ ဦးပိုင်အမှတ်(၆၆)/၅၆x၅၇ လမ်းကြား ခိုင်ရွှေဝါနှင့်မနော်ဟရီလမ်းကြား၊ မြေကွက်အား တောဂရန်အမှတ်အမှတ်–(၁၇၇၂/၉၂–၉၃)အရ ဦးသန်းလှိုင် မှတ်ပုံတင်အမှတ်(PBE–၁၇၁၈၇၄) အမည်ပေါက်သို့ မြေရာဇဝင် ၁–ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်အေးအေးပြုံး မှတ်ပုံတင်အမှတ်[၉/မခန(နိုင်)၁၄၃၇၂၇]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

